mgyoe.com

စိတ်ကူးချိုချိုမှ
ဆက်လက်စုစည်းသော
ဆရာကြီး၏
မဂ္ဂဇင်းဆောင်းပါးများ

# ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရား

## ရွှေဥဒေါင်း



mgyoe.com

ဒုတိယအကြိမ်

mgyoe.com



ယဉ်ကျေးမှုနှင့်
ကိုယ်ကျင့်တရား
**ရွှေဥဒေါင်း**

mgyoe.com

SOD0033
2,800.00 KS

mgyoe.com

သုံးအမည်

သစ်တည်

နှာ ၂၀၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဂိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ စက်တင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၁ စိတ်ကူးချိုချို၏ ပထမအကြိမ်မှု၊

ရောင်းဈေး ၂၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရား

ရွှေဥဒေါင်း

ဒုတိယအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရား | ၁ |
| ၂။ | သူရာသမားသည် လူဖြစ်အရှုံးဆုံးတည်း | ၁၆ |
| ၃။ | လက်ဝဲနှင့် လက်ယာ | ၂၆ |
| ၄။ | လူ့သဘာဝ | ၃၆ |
| ၅။ | ရှုထောင့်မှန်မှ အမြင်မှန်နိုင်မည် | ၄၄ |
| ၆။ | သတင်းစာနှင့် စာဖတ်သူအဆင့်ဆင့် | ၅၇ |
| ၇။ | ကျွန်ုပ်၏မျက်စိဖွင့်ပေးသော စာအုပ်ကြီးသုံးအုပ် | ၆၆ |
| ၈။ | လူပေါ်လူဇော်လုပ်သော ကမ္ဘာကြီး | ၇၁ |
| ၉။ | ဗုဒ္ဓဝါဒနှင့် မာ့က်စ်ဝါဒ | ၈၀ |
| ၁၀။ | ဗုဒ္ဓဘာသာနှင့် လောကဓာတ်ပညာ | ၉၅ |
| ၁၁။ | ရွှေဥဒေါင်း၏ ဆွေးနွေးခန်း | ၁၀၄ |
| ၁၂။ | ဘုရားရှိခိုးခြင်း၏ အဓိပ္ပာယ် | ၁၂၀ |
| ၁၃။ | ကျွန်ုပ်နားလည်သော ဗုဒ္ဓဘာသာ | ၁၃၄ |
| ၁၄။ | ကျွန်ုပ်နားလည်သော ရဟန္တာ | ၁၅၁ |
| ၁၅။ | ကျွန်ုပ်နားလည်သည့် မဂ်စိတ် | ၁၆၃ |
| ၁၆။ | ကျွန်ုပ်နားလည်သော နိဗ္ဗာန် | ၁၇၆ |
| ၁၇။ | ပေးကမ်းစွန့်ကြဲခြင်းသည် မဂ်ဖိုလ်အတွက် အထောက်အပံ့ ဖြစ်စေနိုင်ပုံ | ၁၈၉ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရား အရှေ့နှင့်အနောက် နှိုင်းယှဉ်ချက်

လွန်ခဲ့သောနှစ်က လူထုသတင်းစာတွင် 'ကျွန်ုပ်၏အတွေ့အကြုံနှင့် အတွေး အခေါ်များ' ဟူသော ဆောင်းပါးခန်း၌ ကျွန်ုပ်၏နေအိမ်ဘုရားစင်အနီးတွင် ဖယောင်း ပုဆိုး ခင်းကျင်းထားသည့် ဧည့်ခန်းသို့ ခုံဖိနပ်ဘုံဘိုင်ရေ ဖိနပ်များစီး၍ တက်ကြသော လူငယ်များအကြောင်း ရေးသားဖူးရာ ခေတ်ပညာတတ်မဟုတ်သည့် လူကြီးတစ် ယောက်သည် ကျွန်ုပ်ထံသို့လာရောက်၍ အောက်ပါအတိုင်း ဆွေးနွေးကြသည်။

"ခေတ်လူငယ်တွေ ရိုင်းစိုင်းပုံအကြောင်း ဆရာကြီးရေးထားတဲ့ ဆောင်းပါးကို ကျွန်တော် သဘောကျတယ် ခင်ဗျ။ ဆရာကြီးက အရှေ့တိုင်းယဉ်ကျေးမှုကို ပိုပြီး အလေးပေးပုံရတယ်။ ဟုတ်ကဲ့လား ခင်ဗျာ"

"ကျွန်တော်က လူတစ်မျိုးပဲဗျ။ ယဉ်ကျေးမှုမှာ ဖြစ်ဖြစ်၊ ကိုယ်ကျင့်တရားမှာ ပဲ ဖြစ်ဖြစ်၊ အရှေ့တိုင်းဘက်၊ အနောက်တိုင်းဘက်ရယ်လို့ သဘောမထားဘူး။ အနောက်တိုင်းမှ ကောင်းတယ်ထင်တာတွေ့လျှင် ယူချင်တာပဲ"

"ယဉ်ကျေးမှုမှာတော့ ကျွန်တော်တို့ပြည်က သာတယ်ဆိုတာအမှန်ပဲ မဟုတ် လား ဆရာကြီးရယ်"

"သာတယ် လျော့တယ်လို့ ကျွန်တော် မဆိုချင်ဘူး။ ကျွန်တော် အကြိုက် များတယ်လို့တော့ ဝန်ခံနိုင်ပါတယ်။ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့တော့ သူတို့ ကလည်း မညံ့ဘူးခင်ဗျ"

"မညံ့တာထားပါတော့။ သို့သော် ယှဉ်လိုက်လျှင် ကျွန်တော်တို့က သာ တယ် မဟုတ်လားခင်ဗျာ"

mgyoe.com

"ကိုင်း–ဒီလိုလုပ်ကြစို့။ ဒီကိစ္စကို နှစ်ကန့်ထားပြီး ဆွေးနွေးကြစို့။ (၁) ယဉ်ကျေးမှု၊ (၂) ကိုယ်ကျင့်တရား ဟုတ်လားခင်ဗျာ"

"ထားပါခင်ဗျာ"

"ရှေးဦးစွာ ယဉ်ကျေးမှုကို ဆွေးနွေးကြရအောင်။ ယဉ်ကျေးမှုနှင့် ပတ်သက်လို့ ကျွန်တော်တို့ မြန်မာလူမျိုးဟာ ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်ကြလို့မို့ ဗုဒ္ဓယဉ်ကျေးမှုတွေ လွှမ်းမိုးတဲ့အတွက် ကျွန်တော် သဘောကျတယ်။ ရိုသေထိုက်သောသူကို ရိုသေရခြင်း အစရှိတဲ့ မင်္ဂလာတရားတော်ထဲက အချက်တွေပေါ့ ခင်ဗျာ။ သို့သော် မြန်မာ့ယဉ်ကျေးမှု ဆိုတာတွေထဲကတော့ ကျွန်တော်မကြိုက်တာ ရှိချင်ရှိမယ် ခင်ဗျ"

"ဘယ်လိုဟာလဲ ခင်ဗျာ"

"သိပ်အရေးမကြီးလှတဲ့ကိစ္စမို့လို့ ဥဒါဟရုဏ် တစ်ခုတလေလောက်သာ ပြပါရစေတော့ ခင်ဗျာ။ မိန်းကလေးတွေ စက်ဘီးစီးတာဆိုပါတော့။ လူခပ်ကြီးကြီးပိုင်းကဆိုလျှင် မြန်မာ့ယဉ်ကျေးမှုပျက်တယ်။ မိန်းကလေးနဲ့ မလျော်ဘူးတဲ့ ပြောချင်ကြတယ်"

"ဆရာကြီးကတော့ သဘောတူသလား"

"ကျွန်တော်ကတော့ ခုနင်ကပြောခဲ့တဲ့ ဗုဒ္ဓယဉ်ကျေးမှု မပျက်ခဲ့လို့ရှိလျှင် ခေတ်အားလျော်စွာ ပြောင်းလဲသွားတဲ့ကိစ္စတွေမှာ အသုံးဝင်ခြင်းကိုကြည့်ပြီး လက်ခံချင်တာပဲ။ စက်ဘီးကိုခွစီးရလို့ အရုပ်ဆိုးပေမဲ့ အသုံးဝင်မှုကိုကြည့်သင့်တယ် ခင်ဗျ။ ဘယ်လောက် လမ်းပေါက်သလဲ"

"မိန်းကလေးတွေအဖို့ လမ်းပေါက်ဖို့ ဘာလိုသလဲ ဆရာကြီး"

"ရှေးခေတ်ကတော့ ဟုတ်ချင်ဟုတ်မယ်။ ဒီခေတ်မှာတော့ ကျောင်းတက်ရတယ်၊ ဈေးဝယ်ရတယ်၊ ဆိုင်ထွက်ရတာပေါ့ ခင်ဗျာ။ သို့သော် ဒီလိုကိစ္စမျိုးမှာတော့ ကျွန်တော့အကြိုက်ကိုသာ ပြောခြင်းဖြစ်ပါတယ်။ အမှားအမှန် ဆုံးဖြတ်ခြင်း မဟုတ်ပါဘူး။ ငြင်းမနေပါရစေနဲ့ ခင်ဗျာ"

"ဆရာကြီးက တိုးတက်တယ်ဆိုတဲ့ သဘောကို နှစ်ခြိုက်တယ်ဆိုပါတော့"

"တိုးတက်တယ် ဆိုတိုင်းလည်း ကျွန်တော် လက်မခံချင်ဘူး ခင်ဗျာ။ ဥပမာ ရုရှားပြည်မှ အဖေက အရက်သောက်တတ်လေတော့ သားသမီးက ဆုံးမတယ်တဲ့"

"တယ်လာပါကလား၊ ဘယ်လိုများ ဆုံးမသတဲ့လဲ ဆရာကြီး"

"ဒီလိုတဲ့ ခင်ဗျာ။ အလုပ်သမားတစ်ယောက်ဟာ အလုပ်ကအပြန်မှာ အရက်ဆိုင်ဝင်ဝင်ပြီး သောက်တတ်သတဲ့။ မိုးကြီးချုပ်မှ အိမ်ပြန်ရောက်သတဲ့။ သူ့သားက

mgyoe.com

ပြောပေမဲ့ မရဘူးတဲ့။ တစ်နေ့သ၌ သူ့သားက သူငယ်ချင်းတွေခေါ်သွားပြီး အရက်ဆိုင်ကိုဝိုင်းပြီး အဖေကြီးကိုအရက်ခွဲသတဲ့။ အဖေကြီးထွက်လာတော့လည်း နောက်ကလိုက်ပြီး 'အရက်သမားကြီး' လို့ အော်ကြသတဲ့။ ဘယ့်နှယ်သဘောရသလဲ"

"အဖေကြီးတော့ အရက်ပြတ်ကရောတဲ့လား"

"လုံးလုံးတော့ပြတ် မထင်ပါဘူး။ သို့သော် အိမ်ကိုတော့ စောစောပြန်တယ်ဆို ထင်ပါရဲ့"

"ကောင်း တောင်းတောင်းပဲ ဆရာကြီး"

"ဒါတော့ ခင်ဗျားကြိုက်ချင်ကြိုက်လေ။ ကျွန်တော့်သဘောကတော့ ဝမ်းစာရှာကျွေးတဲ့ဖခင်ကို တောင်းပန်စကားမျိုး ပြောချင်ပြော။ ရပ်သိရွာသိ အရက်ခွဲခြင်းမျိုးကိုတော့ ကျွန်တော် မကြိုက်နိုင်ဘူးခင်ဗျ။ ဖခင်ဆိုတာ သားမယားရဲ့ တာဝန်တွေကို ထမ်းထားရသူဖြစ်လေတော့ သူ့မှာ လွတ်လပ်ခွင့် ရှိသင့်တယ်။ ပြောစရာရှိလျှင် မယားလုပ်တဲ့ဟာက တိုးတိုးတိတ်တိတ် ပြောပေ့ါ။ သားသမီးဆိုတာကတော့ တိုးတိုးတိတ်တိတ်ပြောတာတောင် လွန်လှပြီ အရက်ခွဲပြီး ဆုံးမဖို့ဆိုတာကတော့ ဘယ်နည်းနဲ့မှ ကျွန်တော်လက်မခံနိုင်ဘူး။ ဒါလည်းပဲ ကျွန်တော် မကြိုက်နိုင်တာကို ပြောတာနော်။ မှားတယ်လို့တော့ ကျွန်တော် မဆိုလိုပါဘူး။ တိုးတက်တဲ့ တိုင်းပြည်ဆိုလေတော့ တိုးတက်ရေးဆိုလျှင် ဘာမဆို လုပ်မယ်ဆိုတဲ့ လူတွေကိုးခင်ဗျာ".

"ကျွန်တော်တို့ မြန်မာပြည်က လူငယ်တွေလည်း လူကြီးမိဘ ဆရာသမားများအပေါ်မှာ အရိုအသေ ပေါ့လာကြတဲ့အကြောင်း ဆရာကြီးရေးထားတာ ကျွန်တော် ဖတ်လိုက်ရလို့ သဘောကျပါတယ်"

"ကျွန်တော်က ကိစ္စတစ်ခုမှာ ရှုထောင့်အမျိုးမျိုးဘက်က စဉ်းစားတတ်တဲ့ လူပါ။ ခင်ဗျားလည်း လူကြီးတစ်ယောက်ဖြစ်လေတော့ ကျွန်တော့်ကို ထောက်ခံမှာပဲ။ သူတို့လူငယ်ပိုင်းကတော့ ဒါတွေဟာ ရှုပ်ပါတယ်လို့ ပြောကြမလား မဆိုနိုင်ဘူး။ သို့သော် အရေးကြီးတာက မိန်းကလေး ဘိုင်စကယ်စီးချင်စီး။ အကျီပါး ဝတ်ချင်ဝတ်။ မင်္ဂလာတရားတော်ထဲက ဗုဒ္ဓယဉ်ကျေးမှုတွေကိုတော့ ထိန်းသိမ်းထိုက်တယ်လို့ ဆိုချင်ပါတယ်"

"ကြိုက်ပါတယ် ဆရာကြီး။ ကိုင်း ကိုယ်ကျင့်တရားအကြောင်းကို ပြောပါဦး ခင်ဗျာ"

"ကိုယ်ကျင့်တရားနဲ့ ပတ်သက်တဲ့နေရာမှာလည်း ကျွန်တော်က နှစ်ကန့်ခွဲချင်တယ်။ (၁) လောကုတ္တရာရေးရာ ကိုယ်ကျင့်တရား။ (၂) လောကီမှုရေးရာ ကိုယ်ကျင့်တရားလို့ ရှိပါတယ်။ လောကုတ္တရာရေးရာ ကိုယ်ကျင့်ဆိုတာမျိုးကတော့

mgyee.com

mgyoe.com


သူတို့အနောက်တိုင်းမှာ လုံးဝမရှိဘူးခင်ဗျ။ လောကီအတွက်သာ ရှိပါတယ်"

"သူတို့မှာလည်း ကောင်းကင်ဘုံနဲ့၊ ဘုရားသခင်နဲ့ဆိုတော့ လောကုတ္တရာမှုရှိတယ် ဆိုရမယ်မဟုတ်လား ဆရာကြီး"

"ခက်နေပါပြီဗျာ။ လောကုတ္တရာတရား ကိုးပါး ရှိတယ်မဟုတ်လား။ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တဲ့ဗျ။ သူတို့မှာ ဒီဟာတွေရှိသလား ခင်ဗျ"

"ကောင်းကင်ဘုံတော့ ရှိဆို၊ ဆရာကြီးရဲ့"

"ခင်ဗျားတို့တစ်တွေက နောင်ဘဝအရေးဆိုလျှင် လောကုတ္တရာ မှတ်နေကြတာကိုး။ နတ်ပြည်ရောက်အောင် ဒါနပြုတယ်ဆိုတာလည်း လောကုတ္တရာလို့ ဆိုကြတယ်။ အမှန်ကတော့ ကျွန်တော် ပြောခဲ့တဲ့အတိုင်း လောကုတ္တရာ တရား ၉-ပါးပဲ ရှိတယ်။ ဒါကလွဲလျှင် လောကီချည်းပဲ ခင်ဗျ"

"မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်စူးပြီး ဒါနပြုလျှင်ကော ခင်ဗျာ"

"ဒါနလောက်ကို မပြောနဲ့ဦး။ တရားအားထုတ်တာတောင် လောကီပဲရှိသေးတယ် ခင်ဗျ"

"ဘယ့်နှယ်ကြောင့်လဲ ခင်ဗျ"

"ခင်ဗျားတို့လူစုက စကားအသုံးအနှုန်းတွေ ရော ရော နေတော့ အဓိပ္ပာယ်ပါ ရှုပ်ထွေးကုန်တယ်။ ကိုင်း ကျွန်တော် တစ်ခုမေးမယ်။ လူတစ်ယောက်ဟာ ငွေရအောင် အလုပ်လုပ်တယ်ဆိုပါတော့။ အလုပ်ကို ငွေလို့ဆိုနိုင်ရဲ့လား ခင်ဗျာ"

"မဆိုနိုင်ပါဘူး ဆရာကြီး"

"အလုပ်ဟာ အလုပ်၊ ငွေဟာ ငွေပဲမဟုတ်လား။ တရားအားထုတ်တယ်ဆိုတာကလည်း ဒီလိုပေါ့။ မဂ်ဖိုလ်အတွက် ဆိုပေမင့် အလုပ်သဘောကို္ဒကတော့ လောကီပဲ ရှိသေးတယ်။ လောကီလို့ပဲ ခေါ်ရမယ်။ တတ်နိုင်လို့ တရားအားထုတ်ဆဲမှာ ဂေါတြဘုတိုင်အောင် ဆိုက်သွားတယ် ဆိုစေဦး၊ လောကီနယ်ပဲ ရှိသေးတယ်လို့ ဗုဒ္ဓဟောတော်မူတယ်"

"ကြားတော့ ကြားဖူးပါရဲ့ ခင်ဗျာ"

"ကြားဖူးပြီး၊ ခင်ဗျားတို့ လူစုက ရော ရောပြီး ရှုပ်အောင်လုပ်ပစ်လိုက်ကြတာပဲ။ ခရစ်ယာန်များရဲ့ ကောင်းကင်ဘုံဆိုတာကိုတောင် လောကုတ္တရာလို့ ပြောသေးတာကိုး"

"ဒါကတော့ ကျွန်တော်မှားပါတယ် ဆရာကြီးရယ်"

"ကျွန်တော်တို့ ဆွေးနွေးတာတွေက နံဘေးရောက်ကုန်ပြီ။ အနောက်တိုင်းသားများရဲ့ ကိုယ်ကျင့်တရားနဲ့၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ရဲ့

mgyoe.com

ကိုယ်ကျင့်တရားကို နှိုင်းယှဉ်ချက် ထုတ်ခဲ့ကြတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

" နိဗ္ဗာန် မဂ်ဖိုလ်ဆိုတာ သူတို့မှာ မရှိလေတော့ ကျင့်စဉ်လည်း မရှိဘူး။ လောကမှာ လူကောင်းသူကောင်း ဖြစ်ဖို့ကတော့ သူတို့မှာလည်း ကျင့်စဉ်ရှိတယ် ခင်ဗျ"

"ကျွန်တော်တို့ကျင့်စဉ်နဲ့ ဘယ့်နှယ်နေသလဲ"

"ခင်ဗျား ဘယ့်နှယ်ထင်သလဲ"

"ဟာ၊ ကျွန်တော်တို့က သာတာပေါ့ ဆရာကြီး"

"ကျွန်တော်တို့လူတွေက သာတာလား။ ကျွန်တော်တို့ကျင့်စဉ်က သာတာလား"

"လူရော ကျင့်စဉ်ရော သာတယ်ထင်တာပဲ ဆရာကြီး"

"ကောင်းပြီ။ ရှေးဦးစွာ လူချင်းယှဉ်ကြည့်ကြစို့။ အနောက်တိုင်းသား ဘယ်လောက်များများ ခင်ဗျားတွေ့ဖူးသလဲ"

"သိပ် များများကြီး မတွေ့ဖူးပါဘူး ခင်ဗျာ"

"ဒါဖြင့် ဘယ်လိုလုပ်ပြီး နှိုင်းယှဉ်ချက် ထုတ်ကြမလဲ"

"သူတို့တိုင်းပြည်က အကြောင်းတွေ ကြားဖူးနားဝနဲ့ပေါ့ ခင်ဗျာ"

"ခင်ဗျာလည်း နည်းနည်းပါးပါးတော့ ကိုယ်တွေ့ရှိမှာပါပဲ။ ဗြိတိသျှအစိုးရလက်ထက်က အိုင်စီအက်စ်အရာရှိတွေ ရှိတယ်မဟုတ်လား။ ကျွန်တော်တို့ မြန်မာအရာရှိတွေနဲ့ ဘယ့်နှယ်နေသလဲ"

"သူတို့က လခကြီးတွေယူထားတာကို ဆရာကြီးရဲ့"

"ဩော်–လခများလို့ တည့်မတ်တယ်လား။ ဒီခေတ်မှာ မြန်မာတွေ လခကြီးစားလာရတော့ သူတို့အဆင့်အတန်းကို မီရဲ့လား"

"ဒါတော့ မီမယ်မထင်ဘူး ဆရာကြီး"

"ကောင်းပြီ။ ရွေးကောက်ပွဲတွေကို ကြည့်လိုက်ပါဦး။ သူတို့ဆီမှာလည်း ညစ်ပတ်မှုတွေတော့ ရှိမှာပါပဲ။ နို့ပေမဲ့ ကျွန်တော်တို့ မြန်မာပြည်မှာလို ကန့်ကွက်မှုပေါများတဲ့တိုင်းပြည် ဘယ်မှာရှိသလဲ"

"ဒါကတော့ သူတို့ရှုံးတိုင်းမခံချင်လို့ ကန့်ကွက်ခြင်းလည်း ဖြစ်နိုင်တာပဲ ဆရာကြီး"

"ဒါကိုလည်း ကျွန်တော် စဉ်းစားပါတယ်။ သို့သော် ကျွန်တော်ပြောချင်တာက လူဆိုတာမျိုးဟာ ညစ်ပတ်လို့ဖြစ်နိုင်လျှင် ညစ်ပတ်ချင်တဲ့လူကများပါတယ်။

mgyo.com

အဲဒီလို ညစ်ပတ်လို့ဖြစ်နိုင်အောင် စည်းကမ်းကလနားတွေ စုတ်ပြတ်ပျက်စီးနေခြင်း အတွက် ဦးနုပြောတဲ့ စာရိတ္တမဏ္ဍိုင်ယိမ်းယိုင်ကုန်ကြခြင်း ဖြစ်ပါတယ်။ စာရိတ္တမဏ္ဍိုင် ဆိုတာဟာ လောကီကိုယ်ကျင့်တရားပါပဲ"

"ဆရာကြီးအဆိုက အနောက်တိုင်းသားများဟာ ကျွန်တော်တို့ထက် ကိုယ်ကျင့်တရား ကောင်းတယ်ပေါ့လေ။ ဒါဖြင့် ဘာ့ကြောင့် နယ်ချဲ့ချင်တာလဲ ခင်ဗျာ"

"အနောက်တိုင်းသားအကြောင်း ပြောရလျှင်တော့ လူတန်းစားခွဲပြောမှ ဖြစ်မယ်။ အင်္ဂလန်မှာဆိုလျှင် အထက်တန်း၊ အလယ်တန်း၊ အောက်တန်းရယ်လို့ လူသုံးစား ရှိပါတယ်။ အလယ်တန်းက ပညာရှိထွက်ပါတယ်။ နယ်ချဲ့ချင်ကြတာက ရှေးက အထက်တန်းစားတွေ ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့တော့ (ကျွန်တော့်အကြိုက်) အလယ်အလတ်တန်းလူတွေ ဖြစ်ပါတယ်။ ဒီခေတ်မှာတော့ အင်္ဂလန်ပြည်မှာ အလယ်အလတ်တန်းလူတွေက ချယ်လှယ်နေတယ်လို့ ဆိုနိုင်ပါတယ်။ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့ သူတို့ကိုလည်း စံချိန်ယူသင့်ပါတယ်"

"အရက်သောက်တာတော့ အားလုံးပဲ သောက်ကြတယ် မဟုတ်ဘူးလား ဆရာကြီး"

"အရက်သောက်တဲ့လူဟာ ကိုယ်ကျင့်တရား မရှိဘူးလို့ ဆိုချင်တာလား"

"ဆိုရမှာပေါ့ ဆရာကြီး"

"ခင်ဗျားက ဦးနုဂိုဏ်းသား ထင်တယ်"

"ကျွန်တော်တို့ကတော့ ငါးပါးသီလသမားပဲ"

"ခင်ဗျား အရက်သောက်ဖူးသလား"

"မြည်းတောင် မမြည်းပါဘူး ဆရာကြီး"

"ခင်ဗျားနဲ့ ဆွေးနွေးဖို့ အခက်သားပဲ"

"ဘာကြောင့်လဲ ဆရာကြီး"

"အရက်မသောက်တာ ဘာ့ကြောင့်လဲ၊ ဟိုလူဒီလူတွေက မကောင်းဘူးဆိုလို့လား"

"ဘုရားကလည်း ဟောလို့ပေါ့ ခင်ဗျာ"

"ခင်ဗျားနဲ့ ကျွန်တော်နဲ့က ဝါသနာတစ်မျိုးစီပဲ။ ကျွန်တော်ကတော့ စုံစမ်းချင်တတ်တဲ့ ဝါသနာရှိတယ်။ ပိုက်ဆံလည်းကုန်တယ်။ လူလည်းကဲ့ရဲ့တယ် ဒီအထဲက ဝယ်သောက်ကြခြင်းဟာ ဘယ်လိုများအရသာရှိလို့ပါလိမ့်လို့ သိချင်တတ်တယ်"

"ဒါဖြင့် ဆရာကြီးက စမ်းဖူးတယ်ပေါ့"

"ဟာ.....စမ်းဖူးတာတော့ မပြောနဲ့တော့ စုံလို့"

mgyoe.com

m g

"မကောင်းမှုတွေအားလုံး စမ်းကြည့်ဖူးသလား ဆရာကြီး"

"ကျွန်တော်က လူတစ်မျိုးလို့ ပြောခဲ့တယ်မဟုတ်လား။ သူတစ်ပါးကို မထိခိုက်သမျှကာလပတ်လုံး စမ်းချင်တယ်ဆိုလျှင် စမ်းကြည့်ခဲ့တာပဲ"

"ဒုစရိုက်မှုတွေအားလုံး စမ်းကြည့်တာပဲလား"

"ဒုစရိုက်မှုဆိုတော့ သူတစ်ပါးကို ထိခိုက်တယ်။ ဒါကြောင့် စမ်းမကြည့်ရပါဘူး။ ရှောင်နိုင်သလောက် ရှောင်ခဲ့ပါတယ်"

"အရက်သောက်တာ ဒုစရိုက်မဟုတ်လား ခင်ဗျာ"

"တယ်ခက်တယ်ဗျာ။ ခင်ဗျားတို့လူစုက ဘုရားဟောတရားကိုလည်း အတိအကျမလေ့လာဘူး။ ဗုဒ္ဓက ဒုစရိုက်မှု ဆယ်ခုရှိတယ်လို့ ဟောတော်မူထားတယ်။ အဲဒီဆယ်ခုထဲမှာ အရက်သောက်တာ မပါဘူး။ ဒီအကြောင်းကို ရှုမဝမဂ္ဂဇင်းထဲမှာ ကျွန်တော် အကျယ်တဝင့် ရေးဖူးတယ်။ ခင်ဗျားတို့က မဂ္ဂဇင်းဖတ်တဲ့လူထဲက မဟုတ်လေတော့ မဖတ်ဖူးဘူးပေါ့။ တော်ပြီဗျာ....ဒီအကြောင်းကို ကျွန်တော် ထပ်ပြီးမပြောချင်တော့ဘူး။ ကိုယ်ကျင့်တရားအကြောင်းကို ပြောကြပါစို့"

"အရက်သောက်တာ ကိုယ်ကျင့်တရားနဲ့ မဆိုင်ဘူးလား ဆရာကြီးရယ်"

"ကျွန်တော် နားလည်တဲ့ ကိုယ်ကျင့်တရားက သူတစ်ပါးနစ်နာအောင် ပြုလုပ်ခြင်း၊ မပြုလုပ်ခြင်း၊ သူတစ်ပါးအား ကျေးဇူးပြုခြင်း၊ မပြုခြင်း ဒါလောက်ကိုပဲ ကျွန်တော် သဘောထားတယ်"

"ကျွန်တော်ဆိုလိုတာက လူချင်းဆက်ဆံမှုနဲ့ ပတ်သက်တဲ့ ကိုယ်ကျင့်တရားကို ဆိုလိုတယ်။ နိဗ္ဗာန်ရောက်ကြောင်းတရားက တခြားပဲ ခင်ဗျ"

"နိဗ္ဗာန်ရောက်ကြောင်းတရားကို ဆရာကြီးက မယုံကြည်ဘူးလား"

"ခက်နေပြီဗျ။ ခင်ဗျားက နံဘေးဖွဲဖွဲထွက်သွားတာကို။ ကျွန်တော် ပြောလိုက်မယ်။ ခင်ဗျား ယုံချင်ယုံ၊ မယုံချင်နေ။ ဗုဒ္ဓရဲ့နိဗ္ဗာန်ရောက်ကြောင်းတရားကို ကျွန်တော်ထက်ပိုပြီး ယုံကြည်တဲ့လူဟာ မြန်မာပြည်မှာ မရှိဘူးလို့ ဆိုချင်တယ်။ တူလျှင်သာ တူရမယ်။ ကျွန်တော်ထက် ယုံကြည်မှုမပိုနိုင်ဘူး ထင်တယ်"

"တယ်ဆိုတဲ့ ဆရာကြီးပါလား"

"ခင်ဗျားက ကျွန်တော့်ယုံကြည်မှုကို သံသယဖြစ်ပုံရလို့ ကျွန်တော်ပြောရခြင်းပါ။ ခင်ဗျားလို ထင်နေတဲ့လူကြီးတွေလည်း တော်တော်များပုံ ရတယ်။ ကိုင်း ဒီအကြောင်းကို တန်ပါတော့။ အနောက်တိုင်းသားများရဲ့ ကိုယ်ကျင့်တရားအကြောင်း ပြောကြပါစို့"

"ဆရာကြီးအဆိုက ကျွန်တော်တို့ထက် သူတို့က သာတယ်ပေါ့လေ"

mgyoe.com

mgyoe.com


"သာတဲ့အချက်တွေ တော်တော်များတယ်ဗျ။ ဘာကြောင့်သာတယ်ဆိုတဲ့ အကြောင်းကိုလည်း ကျွန်တော် တင်ပြချင်တယ်"

"ဗုဒ္ဓဘာသာမဟုတ်တဲ့ နိုင်ငံတွေမှာ….."

"မဂ်တရား ဖိုလ်တရားတော့ မရှိဘူး။ ကိုယ်ကျင့်တရားကတော့ သာချင်သာနိုင်တယ် ခင်ဗျ"

"လူအားလုံးပဲ သာကြသလား ဆရာကြီးရယ်"

"တစ်ပြည်လုံးတော့ ဘယ်ဟုတ်မလဲဗျာ။ ကျွန်တော်သိရတဲ့ အင်္ဂလန်ပြည် အကြောင်းကို ပြောချင်တယ်"

"ဆရာကြီးက အင်္ဂလန်ပြည်မှ မရောက်ဖူးဘဲနဲ့"

"ကျွန်တော်ကိုယ်တိုင် မရောက်ဖူးပေမဲ့ ရောက်ဖူးတဲ့လူတချို့ထက် ပိုပြီးသိပါတယ်"

"စာဖတ်တာနဲ့ သိနိုင်သလား ခင်ဗျာ။ ဘယ်လိုစာမျိုး ဖတ်လို့လဲ"

"ကျွန်တော်ဖတ်တဲ့ စာတွေအကြောင်းကို နောက်တော့မှ ပြောပါမယ်။ အကြောင်းအကျိုး ဆက်စပ်နေပါတယ်။ သူတို့ရဲ့ ကိုယ်ကျင့်တရားအကြောင်းကို ပြောပါရစေဦးဗျာ"

"ပြောပါဦးဆရာကြီး"

"အင်္ဂလန်ပြည်သား အင်္ဂလိပ်လူမျိုးများရဲ့ ကိုယ်ကျင့်တရားအကြောင်းကို ပြောရလျှင် အဆင့်အတန်းအမျိုးမျိုး ရှိတဲ့အနက် ကိုယ်ကျင့်တရားဘက်က အတော်ဆုံး အင်္ဂလိပ်လူမျိုးတွေဟာ အတော်ဆုံးဗမာတွေထက် သာပေတယ်။ ပြီးတော့လည်း သူတို့ဆီမှာ ကိုယ်ကျင့်တရားကောင်းတဲ့ လူတွေဟာ ဗမာပြည်ထက်များတယ်လို့ ကျွန်တော် သိရပါတယ်"

"ကျွန်တော်ကတော့ မယုံနိုင်ဘူးဆရာကြီး"

"ကျွန်တော်တို့ဆီမှာ အင်္ဂလိပ်နယ်ချဲ့သမားလက်အောက်မှာ အမှုထမ်းသွားခဲ့ကြတဲ့ အင်္ဂလိပ်အရာရှိတွေဟာ ဗမာအရာရှိတွေထက် ကိုယ်ကျင့်တရားသာတယ်ဆိုတာကော တွေ့လိုက်ရတယ် မဟုတ်လား"

"အမှုထမ်းတစ်ယောက်အနေနဲ့တော့ သာတယ်လို့ဆိုနိုင်မှာပေါ့ ဆရာကြီး"

"လာဘ်စားတာနဲ့ အရက်သောက်တာနဲ့ ဘယ်ဒင်းကပိုပြီး ကိုယ်ကျင့်တရားပျက်သလဲ"

"တူတူပါပဲ ဆရာကြီး"

"ဘယ်ကလာ တူရမှာလဲဗျာ။ သူ့ပိုက်ဆံနဲ့သူ ဝယ်သောက်တာထက် မ

mgyoe.com

m gyoe.com


တရားစီရင်ပြီး ငွေယူတာက ပိုမဆိုးဘူးလားဗျ။ ပြောလို့သာ ပြောရပါတယ်၊ ကျွန်တော်တို့ လူတွေကတော့ အရက်လည်း သောက်လိုက်တာပဲ။ လာဘ်လည်း စားလိုက်တာပဲ မဟုတ်ဘူးလား"

"ပြီးတော့ကော ဆရာကြီး"

"သူတို့လူမျိုးက ကျွန်တော်တို့လူမျိုးထက် တည့်မတ်တဲ့လူ၊ တည့်မတ်ရ ကောင်းမှန်းသိတဲ့လူများပေတယ်ဗျ။ ကျွန်တော်တို့ လူမျိုးက လူကောင်းဆိုလျှင် အရက်မသောက်ဖို့လောက်သာ နားလည်ကြတယ်။ လူမှုဆက်ဆံရေးမှာ တည့်မတ်ဖို့ဆိုတာ ကြိုးစားတဲ့လူ သိပ်ရှားတာပဲ"

"သူတို့ဆီက အင်္ဂလိပ်တွေဟာ ဒီကိုလာတဲ့ အိုင်စီအက်စ်တွေလိုချည်းပဲ လား"

"ဒီလိုလေ အင်္ဂလိပ် အိုင်စီအက်စ်တွေဟာ သူတို့ဆီမှာ စီးပွားရေးအရတော့ အလယ်အလတ်တန်းထဲကပဲ။ သို့သော်လည်း ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့တော့ ထိပ်တန်းအပါအဝင်လို့ ဆိုရပေမယ်။ တစ်နေ့က ကွယ်လွန်သွားတဲ့ မစ္စတာ ဖာနီဗဲလ်ဆိုလျှင် ကျွန်တော် လယ်ယာစိုက်ပျိုးရေးဌာနမှာ လုပ်ခဲ့စဉ်က နည်းနည်းပါးပါးလောက်သာ ကြားဖူးပါတယ်။ ကျွန်တော့်အထင်တော့ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့ တကယ့်ထိပ်ဆုံးတန်း ပုဂ္ဂိုလ်ကြီးတစ်ယောက်ပဲလို့ နားလည်ပါတယ်။ သူ့ကို ကောင်းကောင်းသိသူများဟာလည်း သူရဲ့စေတနာ၊ သူရဲ့ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး ကောင်းကောင်းကြီး ချီးကျူးသံကြားလိုက်ရပါတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးဟာ ကျွန်တော်တို့ ဗမာထဲမှာ ရှားတယ်ဆိုလျှင် ခင်ဗျားခံချင်ကောင်းမှ ခံချင်မယ်"

"ဘယ်လိုများ ကောင်းပုံလဲ ဆရာကြီး"

"ကျွန်တော် သိရသလောက်တော့ ရိုးသားဖြောင့်မတ်ခြင်းဆိုတာလောက်ဟာ ဒီပုဂ္ဂိုလ်ကြီးအဖို့မှာတော့ အပျော့ပေါ့။ ဗမာလူမျိုးကောင်းစားစေချင်တဲ့ စေတနာတွေ ဗလဝရှိတယ်လို့ သိရတယ်။ ဗမာဟာ သူ့လူမျိုးမဟုတ်ဘူး။ ဒီအထဲကနေပြီး ဗမာ ကောင်းစားရေးအတွက် တစ်သက်ပတ်လုံး ဆောင်ရွက်သွားပေတယ်။ ကိုယ့်လူမျိုး အတွက်သက်သက် ဆောင်ရွက်ခြင်းထက် လူမျိုးမရွေး နိမ့်ကျနေတဲ့လူမျိုးအတွက် ဆောင်ရွက်ခြင်းဟာ ကျွန်တော့်အနေနဲ့တော့ သိပ်ပြီး ချီးကျူးတာပဲ။ လူမျိုးရေးတွေ ဘာတွေဆိုတာက ကိုယ်ကျင့်တရားအရတော့ အဆင့်အတန်းမမြင့်လှပါဘူး။ နိုင်ငံရေးသဘော သက်သက်ပါ။ ရှိတော့ ရှိသင့်တယ်ပေါ့ခင်ဗျာ။ သို့သော် တကယ့်ဖြူစင်တဲ့ စေတနာမျိုးဆိုတာကတော့ လူမျိုးမရွေး၊ ဒေသမရွေးဘူး ခင်ဗျ။ ဒါမျိုးမှ ကျွန်တော်က ကြည်ညိုချင်တာ။ ဒီစာတွေ ခင်ဗျားတို့ မသင်ဖူးပါဘူး ထင်တယ်"

mgyoe.com

"ကျွန်တော်တို့ ဘုရားက ဟောသားပဲဆရာကြီး"

"ဘုရားဟောပေမဲ့ ဒီအတိုင်းကျင့်ကြံတဲ့လူ တော်တော်ရှားပါတယ်။ ပြီးတော့ ကျွန်တော်တစ်ခု ပြောချင်သေးတယ်"

"ဘာလဲဆရာကြီး"

"ဗုဒ္ဓဘာသာ မဟုတ်ပေမဲ့ စေတနာခေတဲ့လူတွေ မဟုတ်ဘူးခင်ဗျ။ ကိုယ်ရေရောဂါ စွဲကပ်တဲ့ မနော်ယမန် ရုံမှာကြည့်စမ်း။ မျက်နှာဖြူဆရာတွေ၊ ဆရာမတွေ မြင်ဖူးတယ် မဟုတ်လား။ သူတို့ဟာ နဂိုက ရောဂါကင်းရှင်းတဲ့ လူကောင်းတွေတဲ့ ခင်ဗျ။ လူနာတွေအပေါ်မှာ ကရုဏာစေတနာ ထားလွန်းလို့မို့ သူတို့ကိုယ်သူတို့ ရောဂါအကူးခံပြီး လူနာတွေကို ပြုစုခြင်းအလုပ်အတွက် သူတို့ရဲ့ အသက်တာတစ်ခု လုံးကို တစ်ခါတည်း လှူလိုက်တယ်တဲ့ ခင်ဗျ။ ဘယ့်နှယ်လဲ ချီးမွမ်းစရာမကောင်းဘူးလား။ ကျွန်တော်တို့ ဗမာအမျိုးသားထဲက ဘယ်ယောက်ျား ဘယ်မိန်းမများဟာ ဒီလိုလုပ်ဖို့ စိတ်ကူးရဘူးပါသလဲ ခင်ဗျာ"

"နဂိုကထဲက ကိုယ်ရေပျက်ပြီးမို့ ဝင်လုပ်ကြတာဆို မဟုတ်ဘူးလား ဆရာကြီး"

"မဟုတ်ဘူးလို့ ကျွန်တော်ဖတ်ဖူးပါတယ်။ ပြီးတော့ သူတို့ဆောင်ရွက်တာက သူတို့လူမျိုးအတွက် မဟုတ်သေးဘူး။ ကျွန်တော်တို့ လူမျိုးကွဲ ဒုက္ခိတတွေအတွက် ခင်ဗျ။ သူတို့အလုပ်နဲ့ နှိုင်းယှဉ်နိုင်တဲ့အလုပ်မျိုးတစ်ခု ကျွန်တော်တို့လုပ်တာ ပြနိုင်ရဲ့လား ခင်ဗျာ"

"မပြနိုင်ပေဘူး ခင်ဗျာ"

"ဒါ့ကြောင့် သူတို့တစ်တွေရဲ့ ကိုယ်ကျင့်တရားကို အထင်မသေးထိုက်ပေဘူး ခင်ဗျ"

"သူတို့ဆီမှာ ငါးပါးသီလတော့ မရှိဘူးပေါ့ ဆရာကြီး"

"သူတို့ခေတ်နဲ့သူ ဗုဒ္ဓကဟောခဲ့တဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလတို့ဟာ သူ့နေရာနဲ့သူ။ ကျွန်တော်လည်း ကျင့်သုံးပါတယ်။ နို့ပေမဲ့ လူချင်းဆက်ဆံရေးကျတော့ သူတို့ရဲ့ ဆုံးမဩဝါဒတွေကလည်း မညံ့ဘူးခင်ဗျ။ တော်တော် စနစ်ကျတယ်"

"ဘယ်လိုလဲ ဆရာကြီး"

"သူတို့ရဲ့ခရစ်တော်က ဟောခဲ့တဲ့ တစ်ဆူတည်းသော ထာဝရဘုရားသခင်တို့ ဘာတို့ ဆိုတာတွေကတော့ ကျွန်တော်လုံးဝ လက်မခံပါဘူး။ ကိုယ့်ကျင့်တရားအတွက်လည်း အထောက်အကူ မပြုပါဘူး။ သို့သော် ခရစ်တော်ရဲ့ ဩဝါဒတစ်ခုကိုတော့ ကျွန်တော် အင်မတန်နှစ်သက်တယ် ခင်ဗျ"

mgyoe.com

mgyoe.com


"ဘယ်ဒင်းလဲ ဆရာကြီး"

"မိမိအား ပြုစေချင်တဲ့အတိုင်း သူတစ်ပါးကို ပြုကျင့်ပါတဲ့ ခင်ဗျ။ တစ်နည်းအားဖြင့်ကတော့ ကိုယ်ချင်းစာတရားပါပဲ"

"ကျွန်တော်တို့မှာလည်း ဒီတရားရှိသားပဲ ဆရာကြီး"

"မှန်ပါတယ် ရှိပါတယ်။ နို့ပေမဲ့ ဝန်ကြီးချုပ်ဦးနုတို့ လူစုက ဒီတရားကို အလေးမပေးဘဲ ငါးပါးသီလကို ဖိဟောနေတယ် ခင်ဗျ။ လူချင်းဆက်ဆံမှုမှာ ငါးပါးသီလထက် ကိုယ်ချင်းစာတရားကပ်ဖို့က တန်ဖိုးရှိတာကို သူတို့လူစု နားလည်ဟန် မတူဘူး။ အမြတ်ကြီးစားတာတို့ လိုင်စင်ရောင်းစားတာတို့တွေဟာ သီလပျက်ခြင်း မဟုတ်သလို ထင်နေကြတယ်။ ခိုးတာ မဟုတ်ဘူးတဲ့။ (သူတို့အဆို) ဝိသမာ လောဘ မဟုတ်ဘူးတဲ့။ သူတို့ဝယ်ချင်မှ ဝယ်နိုင်တယ်တဲ့ ပြောချင်ကြတယ်။ မခက် ဘူးလား ခင်ဗျာ။ ကိုယ်ချင်းစာတရားကပ်တယ်ဆိုလျှင် ဆင်းရဲသားတွေ ကျပ်တည်း တာကို ကိုယ်ချင်းစာနာပြီး ခုလို အမြတ်ကြီးမစားပေဘူးပေါ့ ခင်ဗျာ။ နိုင်ငံရေးမှာ ငါးပါးသီလထည့်ဟောလျှင် တံငါလုပ်ဖို့၊ ကြက်ဝက် မွေးဖို့ကော မခက်ပေဘူးလား။ ဝမ်းရေးကို ချောင်လည်အောင် မလုပ်ပေးဘဲနဲ့ သီလတွေ လျှောက်ဟောနေတာတော့ နာမည်ကောင်းယူချင်တာ သက်သက်ပဲလို့ ကျွန်တော်က စွပ်စွဲချင်တယ်"

"ဆရာကြီးက မကြိုက်ဘူးလား"

"မင်္ဂဖိုလ်ရေးနဲ့ နိုင်ငံရေးနဲ့ တခြားစီ၊ တစ်ကန့်စီဗျ။ ငါးတွေရှားလို့ လူတွေ ဝယ်မစားနိုင်လျှင် ငါးတွေအသေနည်းလို့ ဝမ်းသာတာပဲဆိုတာ ဝန်ကြီးချုပ် တစ်ယောက်ရဲ့ စကားမျိုးမဟုတ်ဘူး ခင်ဗျ"

"ဘုန်းကြီးတွေကကော မကြိုက်ဘူးလား"

"သားဟင်း ငါးဟင်းမပါဘဲ ကန်စွန်းရွက် ချဉ်ပေါင်ရွက်ချည်း ဆွမ်းကျွေး ကြည့်စမ်းပါ၊ ဘယ့်နှယ်နေမလဲ"

"သက်သတ်လွတ်ကိုယ်တော်တွေကတော့ ကြိုက်တာပေါ့ ဆရာကြီး"

"ဘုန်းကြီးတွေထဲမှာ သက်သတ်လွတ်ကိုယ်တော် ဘယ်နှစ်ပါးရှိလို့လဲ ခင်ဗျ"

"ဒါထက် အနောက်တိုင်းသားတွေရဲ့ ကိုယ်ကျင့်တရားအကြောင်း ပြောပါဦး ဆရာကြီး"

"သူတို့ရဲ့ ကိုယ်ချင်းစာတရားက မကောင်းမှုကို ရှောင်ကြဉ်ဖို့တွင် မကဘူး။ ကောင်းတာလုပ်ဖို့လည်း တစ်ပါတည်း တွဲနေတယ်။ သီလဆိုတာကတော့ မခိုးလျှင်၊ မသတ်လျှင် ပြီးသလိုဖြစ်နေတာပဲ။ လူတွေကျပ်တည်းဆင်းရဲစေဦးတော့ အမြတ်ကြီး

mgyoe.com

mgyoe.com


စားနိုင်ခွင့် ရှိသလိုလို ထင်နေကြတယ်။ သီလမပျက်ဘူးတဲ့ဗျ"

"လိုင်စင်ရောင်းစားတာကတော့ လိမ်တာပဲ ဆရာကြီး"

"ဒါကိုလည်း သူတို့က ဝိသမလောဘ မဟုတ်ဘူးတဲ့ ပြောချင်ကြတယ်။ ကျွန်တော်လုပ်စေချင်တာက ကိုယ်ချင်းစာတရားကို ဖိရေး၊ ဖိပြော၊ ဖိဟောစေချင်တယ်။ သူတို့အထင်က သီလကမှ စာသံပေသံပါလို့ တန်ဖိုးရှိတယ်။ ကိုယ်ချင်းစာတရားဆိုတာက အရပ်စကားမို့ ပေါ့တော့တော့ ထင်ကြတယ်။ ကျွန်တော် ဖွင့်ပြောရလျှင် ကိုယ်ချင်းစာတရားကပ်တဲ့ မိတ်ဆွေမျိုး အစိုးရမျိုးကို လိုချင်တယ်။ ငါးပါးသီလအကြောင်း တွင်တွင်ပြောတဲ့ လူ ဖြစ်ဖြစ်၊ အစိုးရ ဖြစ်ဖြစ် လူညာပဲလို့ အောက်မေ့တယ်"

"နေပါဦး ဆရာကြီး။ သူတို့အင်္ဂလန်မှာ ကိုယ်ချင်းစာတရား ကြပ်ကြပ်ကြီးဟောလို့ ကိုယ်ကျင့်တရား ကောင်းကုန်ကြတယ်လို့ ဆိုချင်သလား"

"ဒါက ခရစ်တော်ရဲ့ ဩဝါဒကို ပြောနေတာပါ။ သူ့လူတွေတော်ကြတာက ခရစ်တော်ကြောင့်ရယ်လို့ မဟုတ်လှပါဘူး။ အစဉ်အလာ ဩဝါဒပေးပုံတွေက သိပ်ပြီး နေရာကျတယ် ခင်ဗျ"

"ဘယ်လိုလဲ ဆရာကြီး"

"မလိမ်ဖို့၊ မှန်မှန်ပြောဖို့ သင်ပေးတယ်။ ကောက်ကျစ်စဉ်းလဲခြင်း မရှိဖို့၊ ရိုးသားတည့်မတ်ဖို့ တဖွဖွ တိုက်တွန်းတယ်။ တစ်ကိုယ်ကောင်း မကြံတတ်ဖို့၊ သူရသတ္တိရှိဖို့ သင်ပေးတယ်။ အားကျတဲ့စိတ် ပေါ်လာအောင် လုပ်ပေးတယ်။ ကျွန်တော်တို့ ဗမာမိဘထဲက ဒါတွေကို သင်ပြပေးရကောင်းမှန်းသိတဲ့ မိဘရာခိုင်နှုန်း ဘယ်လောက်များရှိတယ် ထင်သလဲ ခင်ဗျ"

"ကျွန်တော်တို့မှာလည်း မင်္ဂလာတရားရှိသားပဲ ဆရာကြီး"

"မှန်ပါတယ်။ ကောင်းလည်း ကောင်းပါတယ်။ နို့ပေမဲ့ မင်္ဂလာတရားဟာ စာအုပ်ထဲမှာ ရှိတာပါပဲ။ ဘယ်မိဘ ဘယ်ဆရာများက သူတို့ဆီမှာလို ဂရုတစိုက် အရိပ်တကြည့်ကြည့်နဲ့ စောင့်ပြီး သင်ပြတဲ့ ဆရာမိဘ ဘယ်နှစ်ယောက်များ တွေ့ဖူးသလဲ ခင်ဗျာ"

"ဒီလိုတော့ ရှားတယ်ပေါ့ ခင်ဗျာ"

"ကျွန်တော်ဖြင့် တွေ့ကို မတွေ့ဖူးဘူး။ မိဘတွေထဲမှာ ကျွန်တော့်အဖေဟာ တော်တော် ဂရုစိုက်ပါတယ်။ နို့ပေမဲ့ မကစားဖို့လောက်သာ ဖိပြောတာပဲ။ ဒီပြင် အရေးကြီးတဲ့ဟာတွေကို မပြောပါဘူး"

"ပြောလျှင် လိမ္မာရော၊ ကိုယ်ကျင့်တရားကောင်းရောတဲ့လား ခင်ဗျာ"

mgyoe.com

"ဒီလိုတော့ ဘယ်ဟုတ်မလဲ ခင်ဗျာ။ ခုနင်က ပြောခဲ့တဲ့ တစ်ကိုယ်ကောင်း မကြံတတ်ဖို့၊ တည့်မတ်ဖို့၊ ရိုးသားဖို့ ဆိုတာတွေကို သားသမီးနာဝင်လောက်အောင် သဘောပေါက်လောက်အောင် တတ်နိုင်သမျှ လှည့်ကာပတ်ကာ ပြောကြရတယ်။ မမိုက်ကြနဲ့၊ လိမ္မာကြဆိုတာလောက်နဲ့ မပြီးဘူးခင်ဗျ"

"ကျွန်တော်တော့ ဒီအကြောင်းကို ဆရာကြီးကပြောမှ ကြားဘူးတာပဲ ခင်ဗျာ။ တယ်လာတဲ့ လူမျိုးပေပဲ ဆရာကြီးရယ်"

"သူတို့တိုင်းပြည်မှာ နေရာကျပုံက ငယ်ရွယ်စဉ်မှာတော့ ဆရာမိဘများက ဆုံးမသြဝါဒပေးတယ်။ ကြီးပြင်းလာတော့ စာအုပ်ကောင်းတွေက ညွှန်ပြတယ်။ ဒါကြောင့် တော်ကြတာ ခင်ဗျ"

"ကျွန်တော်တို့ဆီမှာလည်း လောကီစာအုပ်ကောင်းတွေ ရှိသားပဲခင်ဗျ။ လောကနီတတို့၊ လောကသာရ ဆုံးမစာတို့၊ ကိုယ်ကျင့်အဘိဓမ္မာတို့ အများကြီးရှိတာပဲ ဆရာကြီး"

"မှန်ပါတယ်၊ ရှိပါတယ်၊ ကောင်းရာညွှန်ပြတာတွေ အများကြီးပါတယ်။ သို့သော် မကောင်းတာတွေကို ပယ်ချင်လာအောင်၊ ကောင်းတာကို လိုက်နာချင်လာအောင် လူကောင်းသူကောင်းကြီးတစ်ယောက် ဖြစ်ချင်တဲ့ ဆန္ဒမျိုးပြင်းပြင်းထန်ထန်ကြီး ဖြစ်ပေါ်လာအောင် ညွှန်ပြတတ်တဲ့ စာအုပ်မျိုးကတော့ အလွန်နည်းပါးသေးတယ် ခင်ဗျ"

"ဘယ်လိုစာအုပ်မျိုးတွေလဲ ဆရာကြီး"

"ခင်ဗျားတို့ ပြောပြလိုက်ရလျှင် ရုတ်တရက်တော့ ဘယ်နည်းနဲ့မှလက်ခံချင်မှာ မဟုတ်ဘူး။ ကိုယ်ကျင့်တရားဆိုင်ရာ ကျင့်စဉ်တွေ၊ နီတိတွေ၊ ဆုံးမစာတွေကို မဆိုလိုဘူး။ ဝတ္ထုကောင်းကြီးတွေကို ဆိုလိုတယ်"

"ခင်ဗျာ ဘယ့်နှယ်ဟာလဲ ဆရာကြီးရယ်။ ဝတ္ထုဆိုတာမျိုးဟာ အပျင်းပြေဖတ်တာမျိုး မဟုတ်ဘူးလားခင်ဗျ"

"အဲဒါ ခက်တာပဲ။ ကျွန်တော်တို့ ဗမာပြည်မှာ ဝတ္ထုကောင်းများရဲ့ အရေးကြီးပုံကို နားလည်တဲ့လူ အင်မတန်ရှားသေးတယ်။ အခု ဝန်ကြီးလုပ်နေကြတဲ့ လူတွေ၊ ခေတ်ပညာတတ်ဆိုတဲ့ အရာရှိကြီးတွေထဲမှာတောင် ခပ်ရှားရှားရှိလိမ့်မယ် ထင်တယ်။ ခေတ်ပညာတတ်မဟုတ်တဲ့ ကုန်သည်ပိုင်း စနရှင်ပိုင်းကဆိုတော့ ဝေးသေးဗျာ"

"ဘယ်လို ဝတ္ထုတုန်း ဆရာကြီး"

"ကျွန်တော်က အင်္ဂလိပ်ဝတ္ထုကောင်းကြီးတွေကို ပြောတာပါ"

"ခေတ်ပညာတတ်တဲ့လူတွေထဲက အင်္ဂလိပ်ဝတ္ထုဖတ်တဲ့ လူတွေကိုလည်း

mgyoe.com
ကျွန်တော်မြင်ဖူးပါတယ် ခင်ဗျာ"

"ဝတ္ထုဖတ်ကြပြန်တော့လည်း အပျင်းပြေသဘောလောက် ဖတ်ကြတဲ့ လူတွေက များတယ်ခင်ဗျ။ ဝတ္ထု အကောင်းအဆိုးကိုတောင် ခွဲခြားပြီး သိတတ်တဲ့လူတွေက ဗမာပြည်မှာ သိပ်မများသေးဘူး"

"ဆရာကြီးက ဗမာကိုအထင်သေးတာကို ခင်ဗျ"

"ကျွန်တော်က သူ့လူမျိုး ကိုယ့်လူမျိုးရွေးတဲ့လူ မဟုတ်ဘူး။ မကောင်းတာတွေ့လျှင် နှိပ်ချင်တယ်။ ကောင်းတာတွေ့လျှင် ချီးမြှောက်ချင်တယ်။ ကျွန်တော်တို့က နည်းယူစရာရှိလျှင်လည်း နည်းယူကြစေချင်တယ်။ ကိုယ့်ဟာကလေးကို ကိုယ်အဟုတ်ကြီးထင်ပြီး လက်မထောင်ချင်တတ်တဲ့ လူတွေကို မြှောက်မပေးချင်ဘူး"

"ဒါဖြင့် ဆရာကြီးရယ်.....ဘယ်လိုဝတ္ထုမျိုးကို ဝတ္ထုကောင်းလို့ခေါ်သလဲ ခင်ဗျာ"

"ခုလက်ထက်ကလူတွေက လူ့သဘာဝကို သရုပ်ဖော်တယ်ဆိုတဲ့ ဝတ္ထုမျိုးကို အားကြီးအသားပေးပြီး ပြောကြရေးကြတယ်။ ကျွန်တော်ကတော့ ဒါဟာ ပထမအချက်လို့ မဆိုချင်ဘူး"

"ဘယ်လိုဟာမျိုးမှလည်း ဆရာကြီး"

"ကျွန်တော့်အယူအဆကတော့ ဖတ်ကြည့်လိုက်တဲ့အခါမှာ အဆုံးရောက်တော့ ကိုယ့်ဖို့ တစ်ခုခုကျန်ရစ်ခဲ့တဲ့ ဝတ္ထုမျိုးကို အကောင်းဆုံး ထင်ပါတယ်"

"မှတ်သားထားစရာ တစ်ခုခုလား ခင်ဗျာ"

"မဟုတ်ပါဘူး။ အဲဒါမျိုးတွေကတော့ ပေါပါတယ်"

"နို့ ဘာများလဲ ဆရာကြီး"

"ခုနင်က ကျွန်တော်ပြောခဲ့တယ် မဟုတ်ဘူးလား။ မကောင်းတာကို ရှောင်ချင်တဲ့ စိတ်မျိုး၊ မှန်မှန်ပြောချင်တဲ့ စိတ်မျိုး၊ မညစ်ပတ်ချင်တဲ့ စိတ်မျိုး၊ တည့်မတ်ချင်တဲ့ စိတ်မျိုး၊ တစ်ကိုယ်ကောင်း မကြံတော့ဘူးဆိုတဲ့ စိတ်မျိုး အစရှိတဲ့ ဆန္ဒကောင်းတွေထဲက တစ်ခုတလေဖြစ်စေ၊ ကိုယ့်အထဲမှာ ကျန်နေရစ်တဲ့ စာအုပ်မျိုးကို ကျွန်တော်က အသားပေးချင်ပါတယ်"

"ဒါတွေအားလုံး ပါစေရမယ်လား ဆရာကြီး"

"အားလုံးမဆိုလိုပါဘူး။ တစ်အုပ်မှာတစ်ခု ကျန်ရစ်လျှင် တော်ပါပြီ။ ဟိုတစ်အုပ်က တစ်ခု၊ ဒီတစ်အုပ်က တစ်ခု စုပေါင်းယူရတာပေါ့ ခင်ဗျာ"

"ဒီလိုကျန်နေရစ်တော့ ကိုယ့်အဖို့ ဖြစ်ကရောလား ဆရာကြီး"

"ဒီလိုတော့လည်း ဘယ်မှာ လွယ်ကူမလဲ ခင်ဗျာ။ ကျွန်တော် ဖတ်ဖူးခဲ့တဲ့

mgyoe.com

ဝတ္ထုကောင်းတွေထဲက ကျန်ရစ်သမျှကို ကျွန်တော် အားလုံးရလို့ရှိလျှင် ကျွန်တော်ဟာ အကောင်းဆုံးလူသား ဖြစ်နေမှာပေါ့ ခင်ဗျာ"

"ကိုယ်မရလို့ရှိလျှင် ဘယ်လိုများ အကျိုးရှိပါသလဲ ခင်ဗျာ"

"အားလုံးကုန် အပိုင်မရပေမဲ့ ဟိုကတစ်ခု ဒီကတစ်ခုတော့ နည်းနည်းပါးပါး ရ ရသေးတာကိုး ခင်ဗျ"

"သည်တော့ ဘယ်လိုထူးပါသလဲ ဆရာကြီး"

"လူကောင်းဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ဆန္ဒမျိုး တစ်ခါမှမဖြစ်ပေါ်ဖူးတဲ့ လူတွေထက်တော့ တော်သေးတာပေါ့ ခင်ဗျာ"

"ဆရာကြီးဖတ်တာ ဘယ်လိုဝတ္ထုတွေလည်း ခင်ဗျာ"

"ဒစ်ကင်းတို့၊ စကော့တို့၊ သက္ကရေးတို့၊ တောလ်စတွိုင်းတို့ဆိုတဲ့ စာရေးဆရာကြီးတွေပေါ့ ခင်ဗျာ။ အများကြီး ရှိတယ်။ သုံးလေးဆယ်မကပါဘူး"

"သူတို့ဝတ္ထုမျိုးဖတ်တော့ ဘာကြောင့် တစ်ခုခုကျန်ရစ်တာလဲ ဆရာကြီးရဲ့"

"သူတို့က နှလုံးကိုထိခိုက်အောင် ရေးတတ်တယ် ခင်ဗျ။ မမိုက်ကြနဲ့အပါယ်ကျလိမ့်မယ်။ ကောင်းကောင်းနေမှ လူ့စည်းစိမ် နတ်စည်းစိမ် ရနိုင်တယ်လို့ ဆိုတဲ့ ဆုံးမစာမျိုးတွေ မဟုတ်ဘူး ခင်ဗျ"

"ကျွန်တော်တို့ ဗမာမှာကော ဒါမျိုးမရှိဘူးလား ဆရာကြီး"

"ဆုံးမတာမျိုးတွေသာ ပေါတယ်။ ဝတ္ထုထဲကတော့ သူတို့ အဆင့်အတန်းမီတာက အင်မတန်ကြီး နည်းလိမ့်မယ်။ ကျွန်တော်တောင် မတွေ့ဖူးသေးဘူး"

"အဆင့်အတန်းကို ဘယ်လိုခွဲသလဲ ဆရာကြီး"

"ကောင်းတဲ့သဘောထား၊ မြတ်တဲ့သဘောထားတွေ စွဲကျန်ရစ်အောင် ရေးတတ်တဲ့ ဝတ္ထုရေးဆရာဟာ အဆင့်အတန်းမြင့်တယ်လို့ ဆိုရပါမယ်။ တစ်ခုကောင်းဖြစ်စေ၊ ကြပ်ကြပ်ကြီး စွဲကျန်ရစ်လေလေ၊ အဆင့်အတန်းမြင့်လေပဲဗျ"

"ဝတ္ထုမှပဲ ဖြစ်နိုင်သလား ဆရာကြီး"

"စိတ်ကို ဆွဲဆောင်နိုင်တဲ့နေရာမှာ ဝတ္ထုလိုအစွမ်းထက်တဲ့ စာပေမျိုးဟာ (လောကီနယ်မှာ) ရှိကို မရှိဘူးလို့ ကျွန်တော် ဆိုလိုပါတယ် ခင်ဗျား"

❑

mgyoe.com

mgyoe.com

# သူရာသမားသည် လူဖြစ်အရှုံးဆုံးတည်း

ပြီးခဲ့သော မတ်လက ကျွန်ုပ်သည် ကျန်းမာရေးအတွက် သင်္ဘောစီးရင်း ဇနီး၏ရွာသို့လည်း ရောက်ရစေ၊ လွန်ခဲ့သည့်နှစ်ပေါင်း ၄၀–ခန့်က ကျောင်းဆရာလုပ်ခဲ့သည့် ကမ်းနီရွာကလေးသို့လည်း ရောက်ရစေဆိုကာ အထက်မြစ်ညာသို့ လှည့်လည်ခဲ့ပါသည်။ ကျောက်မြောင်းဆိပ်ကမ်းသို့ ဆိုက်ရောက်သောအခါ လူတစ်စုဆင်းလာကြ၍ 'နမ်းဆမ်' သင်္ဘောပိုင်ရှင်အား "ကျုပ်တို့အခန်းကျယ်ကျယ် လိုချင်တယ်၊ ရအောင်လုပ်ပေးပါ" ဟု ပြောသံကြားလိုက်ရ၏။ ကျွန်ုပ်တို့လင်မယားမှာ ထိုသင်္ဘောတွင် ရှေးဦးစွာရောက်လာသော ခရီးသည်များဖြစ်၍ အကျယ်ဆုံးသော အခန်းကိုရရှိထားရာ ထိုလူစုကိုကြည့်လိုက်သောအခါ အစိုးရအရာရှိ (ဗျူရိုကရက်) များဖြစ်ကြခြင်းကို ရိပ်မိသည်နှင့် တစ်ပွဲတစ်လမ်းတော့ စမ်းကြရဦးတော့မည်ဟု အောက်မေ့လိုက်၏။ သို့ရာတွင် အသက်ကြီးပြင်းလာ၍ ရန်ဖြစ်ဖို့တွန့်ဆုတ်လာသည်နှင့် ဖက်ပြိုင်၍ မပြောတော့ပါဆိုကာ ကျွန်ုပ်သည် သင်္ဘောအလုပ်သမားများ စီမံသည့်အတိုင်း ကြည့်နေလိုက်ပါသည်။ သင်္ဘောမှာ ပရသဖ သင်္ဘောမဟုတ်။ တရုပ်လူမျိုးတစ်ယောက်ပိုင်သည့် 'နမ်းဆမ်' သင်္ဘောဖြစ်လေရာ အလုပ်သမားများသည် ကျွန်ုပ်တို့ လင်မယားကို အခန်းကျဉ်းတစ်ခုသို့ ပြောင်းရွှေ့၍ ထိုအရာရှိများကို ကျွန်ုပ်တို့၏အခန်းတွင် ထားလိုက်လေ၏။ ကျွန်ုပ်သည် ထိုအပြုအမူကို မကျေနပ်သည်နှင့် ၎င်းလူစုကို ခပ်ရှောင်ရှောင် လုပ်၍နေရာ အရာရှိတစ်ယောက်က ကျွန်ုပ်အား ရိပ်ခနဲမြင်လိုက်ရုံနှင့် 'ဦးမျက်နှာကို ကျွန်တော် မြင်ဖူးသလိုလို ထင်မိပါတယ်။ ဘယ်သူပါလိမ့် ခင်ဗျာ" ဟု မေးသည်နှင့် ကျွန်ုပ်၏ကလောင်အမည်ကို ပြောလိုက်သည်တွင် ထိုသူက "ဪ ဒါကြောင့်ကိုး၊ ဓာတ်ပုံကို ကျွန်တော်မြင်ဖူးတာ ဖြစ်မှာပဲ" ဟု

mgyoe.com

mgyoe.com


ပြောကာ သင်္ဘောဦးခန်းတွင် သူတို့နှင့်အတူထိုင်ရန် ဖိတ်ခေါ်လေသည်။

ကျွန်ုပ်ဝင်ထိုင်၍ အချင်းချင်းမိတ်ဆက်ကြသောအခါ မုံရွာမှ တကောင်းဘုရားပွဲသို့လာကြသည့် အရာရှိများ ဖြစ်ကြောင်းသိရ၍ အရေးပိုင်တစ်ယောက်၊ ရဲဝန်ကြီးတစ်ယောက်၊ နယ်ပိုင်ဝန်ထောက်တစ်ယောက်၊ မြို့ပိုင်တစ်ယောက် ဖြစ်ကြောင်း သိရလေသည်။ ထိုသူအားလုံးလိုပင် ကျွန်ုပ်၏စာများကို ငယ်ငယ်ကတည်းက ဖတ်လာခဲ့ကြသူများ ဖြစ်သည်ဟု ဝန်ခံကြလေသည်။ ဤ ၄–ယောက်အနက်တွင် အရေးပိုင်ဆိုသူသည် စကားလည်း အပြောဆုံး၊ ဗဟုသုတလည်း အများဆုံး၊ အစုဆောင်းဆုံးဖြစ်၍ သူသိလိုသော အကြောင်းအရာများကို ကျွန်ုပ်အား မေးမြန်းလေရာ ကျွန်ုပ်ကလည်း ကံအားလျော်စွာ ကိုယ်သိသော အကြောင်းအရာများ ဖြစ်သည်နှင့် သူကျေနပ်လောက်အောင် ဖြေဆိုနိုင်သဖြင့် အတော်ကလေး အထင်ကြီးလာပုံရသည်။

နုပ်။ ။ "ကျွန်တော့်စာတွေကို ဖတ်တယ်ဆိုပေမင့် ကျွန်တော်က စာအမျိုးမျိုးတွေ ရေးလာခဲ့တော့ ဘယ်စာမျိုးကို ဖတ်ခဲ့တယ်ဆိုတာ သိရလျှင် ဆွေးနွေးဖို့ သာပြီးကောင်းပါလိမ့်မယ်"

ပိုင်။ ။ "ကျွန်တော်ကတော့ ကျောင်းသားကတည်းက ဖတ်လာခဲ့တဲ့ လူတစ်ယောက်ပဲ၊ ရူပနန္ဒီတို့ ဘာတို့ပေါ့ ဆရာကြီး"

ရဲ။ ။ "ကျွန်တော်ကတော့ မောင်စံရှားကို အားကြီးဖတ်တယ်ခင်ဗျ"

ထောက်။ ။ "ကျွန်တော်ကတော့ ဆရာကြီးရေးတယ်ဆိုတဲ့ ခေါင်းကြီးတွေကို သဘောကျတယ်။ အယူအဆကို ကြိုက်မကြိုက်အပထားလို့ ရေးပုံရေးနည်းကို ကြိုက်တယ် ခင်ဗျ။ ဗမာစကားပီတယ်။ အကြောင်းပြလည်း ကောင်းပေတယ်"

မြို့။ ။ "ကျွန်တော်ကတော့ လူစုံပဲ။ အားလုံးဖတ်ပါတယ်"

နုပ်။ ။ "အားလုံးဖတ်တာတော့ ဟုတ်ပါပြီ။ လောကုတ္တရာရေးရာဆောင်းပါးတွေမျိုးကောဗျာ"

ထောက်။ ။ "ကျွန်တော် ဖတ်ပါတယ်။ ဖတ်ရုံမကဘူး ဆရာကြီး၊ ကျွန်တော့်စိတ်ထဲမှာ တော်တော်အောင့်သွားတဲ့အချက်တောင်ရှိတယ်"

နုပ်။ ။ "ဘယ်မဂ္ဂဇင်းလဲဗျ"

ထောက်။ ။ "ငွေတာရီမဂ္ဂဇင်းထဲက အရက်ပြဿနာအကြောင်းပေါ့ ဆရာကြီး"

နုပ်။ ။ (ကျွန်ုပ်ရယ်မိသည်) "ဘယ်လိုကြောင့် အောင့်တာလဲဗျ"

ထောက်။ ။ "ဘယ့်နှယ်ခင်ဗျာ၊ ကျွန်တော်က တစ်သက်လုံးအသောက်

mgyoe.com

mgyoe.com


သမား ဖြစ်လာခဲ့လို့မို့ ကမ္ဘာ့ဌာန်းထိုင်ပြီး ကြိုးစားဖြတ်လို့ပြတ်ခါ ရှိသေး၊ ဆရာကြီးက အရက်သောက်တာ ငရဲမကြီးဘူးလို့ ရေးလိုက်တော့ လူ့ကို ဟာတာတာကြီး ဖြစ်သွားတာပေါ့ ခင်ဗျာ"

နုပ်။ ။ "ဩော်... အရက်မသောက်တဲ့လူဟာ နတ်ပြည် လူ့ပြည်စုန်ဆန်ကူးသန်းပြီး ဘယ်တော့မှ အပါယ်မကျတော့ဘူး၊ အပါယ်တံခါးပိတ်ကရောလို့ ရေးတာမျိုးကိုမှ ကြိုက်သလားဗျာ"

ထောက်။ ။ "ဒီလောက်တော့ မဆိုလိုပါဘူး။ သို့သော် ကိုယ်ကြိုးစားထားရတာကလေးတော့ အသားပေးတာကို တွေ့ချင်တာပေါ့ ဆရာကြီးရယ်"

နုပ်။ ။ "ဟုတ်တာ မဟုတ်တာ အပထား၊ တစ်ဖက်က ခြောက်ပြီး တစ်ဖက်က မြှောက်ရေးတာမျိုးကို ဖတ်ချင်တာလားဗျာ။ ဒီလိုဆို ခင်ဗျား ခေတ်နောက်ကျတဲ့ စာဖတ်ပရိသတ်ထဲက ဖြစ်နေတာပေါ့"

ပိုင်။ ။ "ဟုတ်ပေသားပဲ၊ ခင်ဗျား ဝန်ခံလိုက်ဗျာ"

ထောက်။ ။ "ထားပါတော့ ဆရာကြီး"

နုပ်။ ။ "ဒီစာမျိုးတွေ ရေးခဲ့ကြတာ ကြာလှပြီဗျ။ ဒါကြောင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာကျမ်းဂန်မှာ အချို့အချက်တွေဟာ လောကစတ်ပညာနဲ့ မကိုက်ဘူး ဘာဘူးနဲ့ ဘာသာကွဲများက အပြစ်ဆိုချင်ကြတယ် မဟုတ်ဘူးလား"

ထောက်။ ။ "အရက်ကိုတော့ ဘာသာတိုင်းက အပြစ်ဆိုကြတယ် မဟုတ်ဘူးလား ဆရာကြီး"

နုပ်။ ။ "အပြစ်တော့ ဆိုသင့်ပါတယ်။ သို့သော် ဘယ်ဘာသာက ဘာဆိုချင် ဆိုကြစေ၊ ဗုဒ္ဓကတော့ ငရဲကြီးတယ်လို့ မဟောခဲ့တာအမှန်ပဲ။ ဒို့ပြင် ဘာသာဘုရားတွေ၊ အဋ္ဌကထာတွေ၊ ဋီကာတွေက လူတွေကို လိမ္မာအောင်ဆိုပြီး ခြောက်ချင်ခြောက်ပါစေ၊ ဗုဒ္ဓကတော့ အဘိဓမ္မာဆိုတဲ့ ကိစ္စမျိုးမှာ မှန်တာကိုပဲ ဟောတော်မူတယ်ဗျ။ သဘာဝနည်းနဲ့ကြည့်တော့ မကောင်းမှုဖြစ်စေ၊ ကောင်းမှုဖြစ်စေ တူသောအကျိုးကိုပေးတတ်တယ်။ သူတစ်ပါးနစ်နာအောင် စေတနာနဲ့ပြုတဲ့အမှုဟာ ဒုစရိုက်မှု၊ သူတစ်ပါးကောင်းအောင် စေတနာနဲ့ပြုတဲ့အမှုဟာ သုစရိုက်မှု၊ ကာမာဝစရနယ် အတွင်းမှာ ဒါပဲရှိတယ်။ လောကမှ လွတ်မြောက်ကြောင်းကတော့ တခြားပေါ့လေဗျာ"

ထောက်။ ။ "နေပါဦး ဆရာကြီးရယ်၊ ဆရာကြီးက ရေးပြတာက မှန်ပင်မှန်သော်လည်း လူငယ်တွေကို အရက်သောက်ဖို့ အားပေးရာ မရောက်ပေဘူးလား ခင်ဗျာ"

mgyoe.com

နုပ်။ ။ "ကျွန်တော် ရေးခဲ့မိခြင်းကတော့ တည့်မတ်ခြင်း၊ ဖြောင့်စင်းခြင်း ဆိုတဲ့ အင်္ဂါမျိုးတွေ တစ်ရွေးသားမှမရှိဘဲ ပိုက်ဆံကုန်မှာ လူကဲ့ရဲ့မှာစိုးလို့ အရက်မသောက်ဘဲ နေတာကလေးတစ်ခုတည်းနဲ့ ကိုယ့်ဟာကိုယ် သိပ်အထင်ကြီးပြီး နည်းနည်းပါးပါး သောက်တတ်တဲ့လူတွေကို အထက်စီးနဲ့စကားပြောချင်တတ်တဲ့ လူစားမျိုးတွေကို နှိမ်ချင်လို့ရေးလိုက်ခြင်းဖြစ်ပါတယ်"

ထောက်။ ။ "ဆရာကြီးကလည်း သောက်တတ်တဲ့အထဲပါတာပေါ့"

နုပ်။ ။ "သောက်တုန်းက သောက်ခဲ့ပါတယ်။ သောက်ရုံမကဘူး စုံလို့ပါပဲ"

ပိုင်။ ။ "ကိုယ့်ကိုကိုယ် ကာကွယ်တဲ့သဘောနဲ့ ရေးခဲ့တာပေါ့ ဆရာကြီး"

နုပ်။ ။ "ကာကွယ်ရုံသက်သက်တော့ မဟုတ်ပါဘူး။ ဟန်ကြီးပန်ကြီး ပြောချင်တတ်တဲ့ လူမျိုးကိုတော့ ကလော်တတ်ချင်တဲ့ ဝါသနာကလည်းတစ်ဖက်ပါပဲ။ နို့ပေမဲ့ ကျွန်တော်ရေးသမျှဟာ အဘိဓမ္မာနည်းအရ၊ သဘာဝနည်းအရကလည်း အမှန်ချည်းပါပဲဗျာ"

ထောက်။ ။ "ကျွန်တော်တစ်ခုတော့ တောင်းပန်ပါရစေ ဆရာကြီးရယ်"

နုပ်။ ။ "ဘာလဲဗျာ"

ထောက်။ ။ "သူရာမေရယအလုပ်ဟာ တချို့လူများ ခြောက်ကျသလောက် မဆိုးဘူးဆိုတာတော့ လက်ခံပါပြီ။ သို့သော် ဆရာကြီးတွေ့ရသလောက် ဆိုးတဲ့ဘက်က တစ်ဆိတ်လောက်ရေးပြပါဦး ဆရာကြီးရယ်။ ဘာကြောင့်လဲဆိုတော့ အရက်သောက်တာဟာ ဘာမှကိစ္စမရှိဘူးလို့ ဆရာကြီးရွှေဥဒေါင်းက ရေးတယ်ဆိုပြီး လူငယ်တချို့က ပြောနေကြတာကို ကျွန်တော်ကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားရတယ် ဆရာကြီးရဲ့"

နုပ်။ ။ "သူရာမေရယအလုပ်ဟာ ကျန်းမာရေးထိခိုက်တတ်တယ်၊ ဒုစရိုက်မှုတွေပြုမိတယ်၊ နာမည်ပျက်တယ် ဆိုတာမျိုးတွေကတော့ လူတိုင်းသိကြပြီးဖြစ်လို့မို့ အကျယ်ချဲ့မရေးတော့ပါဘူး။ သို့သော် သူရာမေရယအလုပ်ဟာ ဘယ်လောက်လူဖြစ်ရှုံးတယ်၊ ဘယ်လောက် လူပေါ်လူဇော်လုပ်ခံရတယ် ဆိုတာကလေးတော့ ကျွန်တော့်ကိုယ်တွေ့ ပြောပြပါဦးမယ်"

ထောက်။ ။ "ဆရာကြီးက ဒီဘက်မှာ တော်တော်စုံခဲ့တယ် မှတ်တယ်"

နုပ်။ ။ "စုံခဲ့ဆို ဒီလူတွေအကြောင်းကိုသိရအောင် ရန်ကုန်မှာနေတုန်းက ဘယ်လောက်နေရာစုံစုံ ရောက်ခဲ့တယ်ဆိုတာကို ကျွန်တော်ရဲ့ တစ်သက်တာမှတ်

mgyoe.com

mgyoe.com


တမ်းထဲမှာ ရေးပြထားတယ်ဗျ”

ပိုင်။ ။ “လူထုသတင်းစာထဲမှာ တစ်ခါတလေ ဖတ်မိပါတယ်။ ဒါတွေကို စုပေါင်းပြီး စာအုပ်ထုတ်မယ်ဆို ဆရာကြီး”

နုပ်။ ။ “အစီအစဉ်ရှိပါတယ်။ မကြာမီ ထုတ်ပါလိမ့်မယ်”

ပိုင်။ ။ “လူဖြစ်ရှုံးပုံ ပြောပါဦးဆရာကြီး”

နုပ်။ ။ “ခင်ဗျားတို့ အရာရှိတွေကတော့ သိပ်ပြီးဖြစ်မှာပါပဲ။ သို့သော် ကျွန်တော်လိုတော့ ဒီအကြောင်းကို နက်နက်နဲနဲ စဉ်းစားမိမှ စဉ်းစားမိကြမယ်”

ပိုင်။ ။ “အမိန့်ရှိပါ ဆရာကြီး”

နုပ်။ ။ “ခင်ဗျားတို့လူစုဟာ အရက်ကလေးဘာလေး သောက်ဖူးကြမှာပေါ့”

အားလုံး။ ။ “သောက်ကြပါတယ်၊ ဘယ်ကင်းမတုန်း ခင်ဗျာ”

နုပ်။ ။ “သို့သော် ဘိန်းတော့ မရှုဖူးကြဘူးပေါ့”

ပိုင်။ ။ “မစမ်းဖူးပေါင် ဆရာကြီး”

ရဲ။ ။ “မလုပ်ပါဘူး ဆရာကြီး”

နုပ်။ ။ “ဘိန်းခန်းထဲလည်း မရောက်ဖူးဘူးပေါ့”

ထောက်။ ။ “ကျွန်တော် ခပ်ငယ်ငယ်တုန်းက ယစ်မျိုးဖက်မှာ ဆိုင်ထိုင်အရာရှိ လုပ်ခဲ့ဖူးလေတော့ တစ်ခေါက်တလေ ဝင်ကြည့်ဖူးပါတယ်”

နုပ်။ ။ “ကုတ်ကင်းအကြောင်းကို သိကြသလား”

အားလုံး။ ။ “မြင်ဖူးပါတယ်”

နုပ်။ ။ “မာဖီးယားခန်းကော ရောက်ဖူးကြသလား”

အားလုံး။ ။ “ကျွန်တော်တို့အရပ်တွေမှာ မရှိပါဘူး ဆရာကြီး။ ရန်ကုန်မှာတော့ ရှေးတုန်းက ရှိတယ်လို့ ကြားဖူးပါတယ်”

နုပ်။ ။ “ကျွန်တော်က ဒီဟာတွေအားလုံး သိတယ်ဗျ”

ပိုင်။ ။ “ဒီနေရာတွေအားလုံး ရောက်ဖူးသလား ခင်ဗျာ”

နုပ်။ ။ “ရောက်ဖူးတယ်”

ပိုင်။ ။ “ဘာကိစ္စလဲ ခင်ဗျာ”

နုပ်။ ။ “သူတို့ပျော်ပုံ ပျော်နည်းကိုပဲ သိချင်လို့၊ သူတို့အကြောင်းကိုလည်း သိချင်လို့”

ပိုင်။ ။ “ကိုယ်တိုင် မြည်းကြည့်သေးသလား ဆရာကြီး”

နုပ်။ ။ “ကျွန်တော်က တရားဖြစ်ဖြစ် ဘာဖြစ်ဖြစ် လက်တွေ့သမား

mgyoe.com

mgyoe.com


ခင်ဗျ။ ဘိန်းပျော်နည်း၊ ကုတ်ကင်းပျော်နည်း၊ မာဖီးယားပျော်နည်း ဆိုတာမျိုးကို သိချင်ရင် ကိုယ်တိုင်မြည်းစမ်းကြည့်လိုက်တာပဲ။ ထိုနည်းအတူ တရားစမ္မနဲ့ ပတ်သက်လို့ သန္တိသုခဆိုတာမျိုးကိုလည်း ကိုယ်တိုင်ခံစားနိုင်အောင် ကိုယ်တိုင်အားထုတ်ကြည့်တဲ့ လူတစ်ယောက်ပဲ။ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာဆိုပြီး စာအုပ်ထဲမှာကြည့် လူတွေကို ပြောဟောနေတဲ့ ပုဂ္ဂိုလ်မျိုးကိုလည်း အထင်မကြီးတတ်ဘူးဗျ"

ပိုင်။ ။ "ဆရာကြီး တရားလည်း အားထုတ်ဖူးတယ်ပေါ့လေ"

နုပ်။ ။ "ဟုတ်ပါတယ်။ နို့ပေမဲ့ ဒီနေရာမှာတော့ တရားဟောမလို့ မဟုတ်ဘူး။ သူရာမေရယသမားများရဲ့ လူဖြစ်ရှုံးပုံ၊ လူကြောခံရပုံ အကြောင်းကို ပြောမလို့ပါ"

ပိုင်။ ။ "အမိန့်ရှိပါ ခင်ဗျာ"

နုပ်။ ။ "ခုနင်က ပြောခဲ့တဲ့အတိုင်း သူရာမေရယ အမျိုးမျိုးအကြောင်းကိုလည်း သိရအောင်၊ ဒီလူစုတွေအကြောင်းကိုလည်း သိရအောင် ဒီနေရာမျိုးတွေကို ကျွန်တော် စုံအောင်ရောက်ခဲ့တယ်။ အရက်သမားတွေ အကြောင်းကိုတော့ ခင်ဗျားတို့လည်း တော်တော်သိပြီးပဲ။ သူတို့ထက် ဘိန်းသမား၊ ကုတ်ကင်းသမား၊ မာဖီးယားသမားတွေက သာပြီးဆိုးတယ်ဗျ"

ပိုင်။ ။ "သူတို့ခံရပုံတွေ ဆိုးတာလားခင်ဗျာ"

နုပ်။ ။ "ခံရပုံဆိုးတာကို ကျွန်တော်ပြောချင်လို့ မဟုတ်ဘူး။ ကိုယ်လုပ်ချင်လို့ လုပ်တာတော့ ခံပေါ့။ ကျွန်တော် ပြောချင်တာက လူပေါ်လူဇော် လုပ်ခံရပုံကို ပြောချင်လို့ပါ"

ပိုင်။ ။ "ကြားပါရစေ ခင်ဗျာ"

နုပ်။ ။ "ရှေးဦးစွာ အရက်သမားအကြောင်းကိုပဲ နည်းနည်းပြောပါဦးမယ်။ ခင်ဗျားတို့ ကျွန်တော်တို့ အရက်သောက်တဲ့အခါမှာ ဈေးနှုန်းမကြီးဘူးလား"

ပိုင်။ ။ "ကြီးတာပေါ့ ဆရာကြီး"

နုပ်။ ။ "နိုင်ငံခြားပဲ သောက်သောက်၊ ပြည်တွင်းဖြစ်ပဲ သောက်သောက် ဈေးကြီးတယ်နော်"

ပိုင်။ ။ "မှန်ပါတယ် ခင်ဗျား"

နုပ်။ ။ "ဘာကြောင့်လဲဗျ"

ပိုင်။ ။ "ပြောပါ ဆရာကြီး"

နုပ်။ ။ "အစိုးရအခွန်ကောက်တဲ့အခါမှာ စားကုန်ဝတ်ကုန်ဆိုတဲ့ လူသုံးပစ္စည်းမျိုးထက် အရက်အပေါ်မှာ ပိုပြီး အခွန်ကောက်တယ် မဟုတ်ဘူးလား"

mgyoe.com

mgyoe.com


ပိုင်။ ။ "မှန်ပါတယ် ဆရာကြီး"

နုပ်။ ။ "ဒီတော့ကာ အရက်မသောက်တဲ့လူက ဒီအခွန်ကို ထမ်းရတယ် မဟုတ်လား"

ပိုင်။ ။ "ဒါကတော့ ဆရာကြီးရယ်၊ ဘာမှဝယ်မသုံးရင် အခွန်မထမ်းရဘူးပေါ့"

နုပ်။ ။ "ကျွန်တော် ဆိုလိုတာက ဒီဟာမဟုတ်ဘူး။ သူတစ်ပါးတွေ ထမ်းဆောင်ကြတဲ့အခွန်တော် ရှိးရိုးနှုန်းထက် အရက်သမားက အခွန်နှုန်းမြင့်တဲ့ ပစ္စည်းကို ဝယ်သုံးလိုမို့ အခွန်ပိုပြီး ထမ်းကြရတယ် မဟုတ်လား"

ပိုင်။ ။ "ဟုတ်ပါတယ် ဆရာကြီး"

နုပ်။ ။ "ဥပမာ အရက်သမားတစ်ယောက်က တစ်လမှာ ငွေ–၃၀၀ိသုံးတယ်။ မသောက်တဲ့လူတစ်ယောက်ကလည်း ၃၀၀ိ ပဲသုံးတယ်ဆိုရင် အရက်သမားသုံးတဲ့ ငွေ–၃၀၀ိမှာ အခွန်တော်အတွက်ငွေ ၁၀၀ိမသောက်တဲ့လူက အခွန်တော်အတွက် ၅၀ိသာ ထမ်းဆောင်ရလေတော့ အရက်သမားက မသောက်တဲ့လူထက် လတိုင်း လတိုင်း ငွေ–၅၀ိပိုပြီး အခွန်ထမ်းနေတဲ့သဘော မဟုတ်ဘူးလား"

ပိုင်။ ။ "ထားတာပါ ဆရာကြီး"

နုပ်။ ။ "တိုင်းသူပြည်သားချင်းအတူတူ တစ်ယောက်က တစ်ယောက်ထက် ဘာကြောင့်ပိုပြီး အခွန်ထမ်းသင့်သလဲ"

ပိုင်။ ။ "ဒါကတော့ သူသောက်တာကိုး ဆရာကြီး"

နုပ်။ ။ "ဒါကြောင့် မိုက်ရာကျတယ်လို့ ပြောချင်တာပေါ့ ခင်ဗျာ"

ပိုင်။ ။ "အမြတ်တော်ကြေးကိုတော့ ဝင်ငွေများတဲ့လူက ပိုပြီး ထမ်းရတာပဲ ဆရာကြီး"

နုပ်။ ။ "ဒါက တစ်မျိုးပါဗျာ။ ဝင်ငွေပိုလို့ အခွန်ထမ်းရတာကတော့ ထမ်းထိုက်ပါတယ် ထားပါတော့။ သူတို့တစ်တွေ မြတ်စွန်းအောင် အစိုးရက ပုလိပ်တွေ၊ ရဲတွေ၊ စစ်ရဲတွေနဲ့ စောင့်ကြပ်ပေးရတယ် မဟုတ်ဘူးလား။ ဒီအတွက် ကုန်ကျတဲ့ စရိတ်ကို အမြတ်ကြီးစားတွေက ပိုမထမ်းရင် ဘယ်သူက ဝင်ထမ်းပေးရဦးမှာလဲ ခင်ဗျာ"

ပိုင်။ ။ "အမြတ်တော်ကြေးတွေ ကောက်တာကတော့ ဆရာကြီးက ကျေနပ်တယ်ပေါ့လေ။ ဒါကတော့ ဆရာကြီးက အမြတ်တော်ကြေး မထမ်းရလို့များလား ခင်ဗျာ"

နုပ်။ ။ "စာရေးဆရာတွေ အမြတ်တော်ကြေး လွတ်တယ်ဆိုလို့လား။

mgyoe.com

ဒါကြောင့် မဟုတ်ပါဘူးဗျာ။ အမြတ်တော်ခွန် ထမ်းရတုန်းကလည်း ၅၀၀°–၆၀၀° ထမ်းခဲ့ရဖူးပါတယ်။ သဒ္ဓါကြည်ဖြူနဲ့ပဲ ထမ်းခဲ့ပါတယ်။ ဝင်ငွေသာများပါစေ၊ အခွန်ထမ်းဖို့ အဆင်သင့်ပါပဲ"

"တစ်ကမ္ဘာလုံးက အစိုးရတွေဟာ ဒီအတိုင်းပဲ လုပ်နေကြတယ် ဆိုတော့ ထုံးစံတစ်ခုဖြစ်နေလို့မို့ အရက်သောက်တဲ့လူတွေရဲ့ မိုက်ပြစ်လို့သာ ဆိုချင်ပါတော့တယ်"

ပိုင်။ ။ "ဘယ်ပုံမိုက်တာလဲ ဆရာကြီး။ သောက်ကတည်းက မိုက်လို့သောက်တာပဲ မဟုတ်ဘူးလား"

နုပ်။ ။ "ဗုဒ္ဓက ဟောခဲ့တယ်။ တစ်စုံတစ်ခုဖြစ်တဲ့အခါမှာ ဘယ်တော့မှ အကြောင်းတစ်ခုတည်း မကဘူးတဲ့။ အကြောင်းတွေများစွာ ရှိရမယ်တဲ့။ ဒီအချက်ဟာ အကြောင်းတစ်ခု ဖြစ်ပုံရတယ်။ ကျွန်တော်က သူများထက် ပိုပြီး နှိုက်နှိုက်ချွတ်ချွတ် စဉ်းစားလေ့ရှိတဲ့ လူတစ်ယောက်ကိုးခင်ဗျ"

ပိုင်။ ။ "လူမိုက်တွေကို ဆုံးမတာမျိုးကတော့ ကောင်းပါတယ် ဆရာကြီး။ အရက်မသောက်တဲ့လူတွေကို နှိမ်ချင်တာမျိုးကျတော့ရော။ နည်းနည်း မဆိုးဘူးလား ခင်ဗျာ"

နုပ်။ ။ "ကိုယ့်ဟာကိုယ် မသောက်ဘဲနေတဲ့လူကို နှိမ်စရာ မလိုပါဘူး။ ခုတော့ တချို့လူများက ဒါကလေးတစ်ခု ကင်းတာနဲ့ သောက်တတ်တဲ့လူတွေကို နှာခေါင်းရှုံ့ပြီး ကိုယ့်ကိုကိုယ် သူတော်ကောင်းကြီး လုပ်ချင်တတ်တဲ့လူတွေ တွေ့ရဖူးလို့ပါ။ တစ်ကြောင်းကလည်း ဒီခေတ်က ဟန်ဆောင်သမားတွေ တော်တော်ပေါတဲ့ ခေတ်ဗျ။ အရက်လည်းမသောက်ဘူး။ ရိုးသားဖြောင့်စင်းတဲ့ စိတ်နှလုံးမျိုးနဲ့ ပြည့်စုံတဲ့လူလည်း ရှိတော့ ရှိကြပါတယ်။ သို့သော် အများအားဖြင့်ကတော့ ကိုယ်မသောက်တတ်လျှင် သောက်တတ်တယ်ဆိုတဲ့လူကို နှာခေါင်းရှုံ့ချင်တတ်တဲ့လူက များတယ်။ ဒီလူမျိုးဟာ ပရိယာယ်သမားပဲလို့ ကျွန်တော်မြင်တယ်။ ပရိယာယ်သမား အကြောင်းနဲ့ ပတ်သက်လို့ ခရစ်တော်ဟောခဲ့ပုံကလေး အကြောင်းကို ကြားဖူးကြသလား"

ပိုင်။ ။ "ပြောပါ ဆရာကြီး"

နုပ်။ ။ "ခရစ်တော်က အပြစ်ပြုပြီး ရိုးရိုးသားသား၊ ပွင့်ပွင့်လင်းလင်း၊ ဖြောင့်ဖြောင့်စင်းစင်းဝန်ခံတဲ့ လူစားမျိုးသည် ကိုယ့်ကိုယ်ကို သူတော်ကောင်းကြီး လုပ်ပြီး အခြားလူများကို နှာခေါင်းရှုံ့ချင်တတ်တဲ့ 'ဖာရိရှဲ' (Pharisee) ဆိုတဲ့ 'ကြောင်သူတော်' တွေထက် ကောင်းကင်ဘုံမှာ နေရာကောင်း ရနိုင်တယ်လို့ ဟောခဲ့

ဖူးတယ်။ ဒီစကားဟာ မဆိုးဘူးခင်ဗျ၊ ကျွန်တော်လက်ခံချင်တယ်။ ကြောင်သူတော်များကတော့ ကြိုက်ကြမှာ မဟုတ်ပေဘူး"

ပိုင်။ ။ "ဆရာကြီးက ခရစ်ယာန်မဟုတ်ဘဲနဲ့ သဘောကျနိုင်သလား"

နုပ်။ ။ "ခရစ်တော်ဟာ နိဗ္ဗာန်ကို နားမလည်၊ နိဗ္ဗာန်ရောက်ကြောင်းတရားမျိုးကို မပြတတ်ပေမဲ့ သူရဲ့ လောကနီတိတွေထဲမှာ ကျွန်တော်သဘောကျတာတွေ တော်တော်များတယ် ခင်ဗျ။ ပရိယာယ်သမားတွေ (Hypocrites) များလွန်းလေတော့ ဒီလိုနှိပ်ဟောတာကို ကျွန်တော်ကြိုက်တယ်"

ပိုင်။ ။ "ဆရာကြီး စိတ်မဆိုးနဲ့နော်၊ ကျွန်တော်တစ်ခုမေးပါရစေ"

နုပ်။ ။ "မေးပါခင်ဗျာ။ ကျွန်တော့်ကို စွပ်စွဲလို့တော့ ကျွန်တော် စိတ်မဆိုးပါဘူး"

ပိုင်။ ။ "ဆရာကြီးရဲ့ဆောင်းပါးတွေဟာ သူတစ်ပါးကို ကလော်တဲ့အကွက်တွေ တော်တော်များတယ်လို့ ပြောသံကြားရတယ်။ တချို့ကလည်းကြိုက်မယ်။ တချို့ကလည်း မကြိုက်ဘူး ရှိမှာပေါ့ခင်ဗျာ။ ဒါက ကိစ္စမရှိဘူး။ ဆရာကြီးကိုယ်၌က သူတစ်ပါးကို နှာခေါင်းရှုံ့တာ မကြိုက်ဘူးလို့ ခုပြောနေတယ် မဟုတ်လား"

နုပ်။ ။ "ဒါလောက်နဲ့တော့ စိတ်မဆိုးပါဘူး ခင်ဗျာ။ ကျွန်တော် ရှင်းပါရစေ။ ကျွန်တော်ပြောခဲ့တဲ့ နှာခေါင်းရှုံ့ခြင်းဆိုတာက အခြားလူများဟာ ကိုယ်တိုင်တရားမရှိကြဘူး၊ မိမိသာလျှင် ကိုယ်ကျင့်တရားရှိတဲ့ သူတော်ကောင်းဖြစ်လေဟန် ပြောဆိုခြင်း ရေးသားခြင်းကို ဆိုလိုပါတယ်။ ကျွန်တော်ဟာ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့ မိမိကိုယ်ကို သူတော်ကောင်းကြီးတစ်ယောက်အနေနဲ့ အထင်မပေးခဲ့ပါဘူး။ သူများအပေါ်မှာလည်း ဆရာမလုပ်ချင်ပါဘူး။ သို့သော် အယူအဆ အတွေးအခေါ်နဲ့ ပတ်သက်လို့တော့ လူအများတကာ လွဲနေတယ်ထင်ရင် ကျွန်တော်က ထောက်ပြဖို့ တာဝန်ယူချင်တတ်ပါတယ်။ အမှန်မှာတော့ ကျွန်တော်က တော်လှန်ရေးသမား စာရေးဆရာ (Revolutionary Type) တစ်ယောက် ဖြစ်ပါတယ်။ အယူအဆနဲ့ပတ်သက်လို့တော့ ဘယ်လောက်နာမည်ကြီးတဲ့ ပညာရှိကြီးတစ်ဦး ဖြစ်စေကာမူ မှားနေတယ်လည်း ထင်တယ်။ သူတစ်ပါးကိုလည်း ဒီအမှားကို သင်ပြနေတယ်၊ လူတွေကလည်း လက်ခံယုံကြည်နေကြတယ် ဆိုရင်တော့ ကျွန်တော်ပြဖို့ မကြောက်တတ်ပါဘူး"

ပိုင်။ ။ "သူများကပြုလျှင် မည်းမယ်ဆိုတဲ့သဘောမျိုး မဟုတ်ဘူးလား"

mgyoe.com

နုပ်။ ။ "ဒီလိုမဟုတ်ပါဘူး ခင်ဗျာ။ ခိုင်လုံတဲ့ အထောက်အထားမရှိဘဲနဲ့ ကဏ္ဍကောစ သဘောမျိုးသက်သက်နဲ့ ရေးခြင်းဖြစ်ရင်တော့ လောကတ္တရာရေးရာနဲ့ ပတ်သက်လို့ ဒီလောက်ရေးလာတာ သူများဝိုင်းမှတ်ပစ်ကြလို့ လွင့်သွားလောက်ပါပြီ ထင်တယ်"

*

တကောင်းဆိပ်ကမ်းသို့ ရောက်ခါနီးတွင် အရာရှိများသည် ပစ္စည်းများကို တပည့်များအား ထုပ်ပိုးသိမ်းဆည်းစေပြီးနောက် အရာရှိတစ်ယောက်က သင်္ဘောပိုင်ရှင်အား "ခင်ဗျာ့သင်္ဘောအစုန်ကျတော့ ကျွန်တော်တို့ လူစုပြန်လိုက်မှာပဲ။ ဒီအခန်းကို ကျွန်တော်တို့ဖို့ 'ရီဇတ်' လုပ်ထားလိုက်ပါ" ဟု ပြော၏။

ထိုအခါ ကျွန်ုပ်က "ခင်ဗျားတို့လူစုတော့ ရီဇတ်တွေ ဘာတွေလုပ်နေဖို့ မလိုပါဘူးဗျာ။ ဘယ်သူပဲ ယူထား ယူထား မောင်းထုတ်လိုက်ရင်ပြီးတာပဲ"

"ဩော်... ကျွန်တော်တို့ တက်လာကြတုန်းက ဆရာကြီးယူထားတဲ့ အခန်းလား၊ ဆရာကြီးမှန်း မသိလို့ပါခင်ဗျာ။ သောက်ကျိုးနဲ့ သတင်းစာထဲများ ထည့်မရေးလိုက်ပါနဲ့"

"ဒါကိုတော့ တာဝန်မယူနိုင်ဘူးဗျာ"

❑

mgyoe.com

mgyoe.com

# လက်ဝဲနှင့် လက်ယာ

တစ်ခေတ်တစ်ပါတီ အုပ်ချုပ်ရေးစနစ် ရှေးဦးစွာတီထွင်သည့် တိုင်းပြည်ဟူ၍ နားလည်ကြသော အင်္ဂလန်ပြည်တွင် (Tory) တိုရီနှင့် (Whig) ဝှဒ် ဟူ၍လည်းကောင်း၊ ကွန်ဆာဗေးတစ်နှင့် လေဘာဟူ၍လည်းကောင်း တည်ရှိကြဖူးသော်လည်း လက်ယာ၊ လက်ဝဲဟူ၍ မရှိကြသေးဘဲ နိုင်ငံရေးလောကတွင် လက်တစ်ဖက်တည်း ရှိသည်ဟု မှတ်ယူရမည်ကဲ့သို့ ဖြစ်ခဲ့၏။ ကျွန်ုပ်ကိုယ်တိုင်မှာ သတင်းစာသမား တစ်ယောက်မျှသာဖြစ်ခဲ့၍ နိုင်ငံရေးလိုက်စားခဲ့ခြင်းမရှိသောကြောင့် သူရိယတိုက်၌ အယ်ဒီတာလုပ်ခဲ့စဉ် ဗဟုသုတစုံလင်သောမိတ်ဆွေ (အရာရှိ) တစ်ယောက်က (Leftist Book Club) လက်ဝဲဂိုဏ်း စာအုပ်တိုက်ဟူ၍ရှိကြောင်း ပြောပြဖူးရာ နားမလည်အောင် ရှိခဲ့ဖူးသည်။ ကျွန်ုပ်မှာ အင်္ဂလိပ်စာရေးဆရာကြီးများ၏ နာမည်ကျော်စာအုပ်များဆိုလျှင် မဖတ်ဖူးသည်မရှိသလောက် စုံလင်အောင် လေ့လာခဲ့သူဖြစ်သော်လည်း ထိုသူပြောသော 'လက်ဝဲစာပေ' အကြောင်းကို မကြားဖူးသည်နှင့် ရှက်တက်တက် ဖြစ်ခဲ့ရသေးသည်။ ထို့နောက် မြန်မာပြည်တွင် ဝန်ကြီးချုပ်ဦးနုတို့ လူစု တည်ထောင်သော နဂါးနီစာအုပ်တိုက် ပေါ်ပေါက်လာသောအခါမှ 'လက်ဝဲ' ဟူသော စကားလုံးကို စာပေနယ်၌ ရှေးဦးစွာ ကြားရဖူးပေသည်။

### ပန်းနု ပန်းရင့် အနီ

ဤခေတ်မှုကား 'လက်ဝဲ' ဟူသော စကားလုံးကို လူတိုင်းနားမလည်တော့ မှရှိစေ သုံးနှုန်းလျက်ရှိကြသည်မှာ တစ်ကမ္ဘာလုံး မိုးမွှန်လျက်ရှိတော့၏။ ဤသူကား လက်ဝဲသမားတည်း။ ထိုလူကား လက်ယာသမားတည်းဟု ပြောကြသော်လည်း

mgyoe.com

mgyoe.com

အဓိပ္ပာယ်ကိုအတိအကျ နားလည်သူကား အရပ်သားတစ်ယောက်အနေဖြင့် ခပ်ရှားရှား ရှိပေလိမ့်မည်။ ဖြစ်နေဟန်လက္ခဏာရှိသည်မှာ မြောက်ဝင်ရိုးစွန်း၊ တောင်ဝင်ရိုးစွန်းဟူ၍ အစွန်းနှစ်ဖက် ရှိနေရာတွင် မိမိထက်မြောက်ကျသော မောင်ဘကို မြောက်ပိုင်းသားဟုခေါ်သော်လည်း ထိုထက်မြောက်ကျသော မောင်လှကမူ မောင်ဘကို တောင်ပိုင်းသားဟု ခေါ်တတ်ခြင်းကဲ့သို့ ဖြစ်နေဟန်ရှိသည်။ ပမာဆိုသော် ပြင်သစ်ပြည်တွင် နာမည်အမျိုးမျိုးနှင့် နိုင်ငံရေးပါတီအမျိုးမျိုး ရှိကြသည်ဖြစ်ရာ ၎င်းတို့လက်ဝဲ၊ လက်ယာအားဖြင့် အနည်းဆုံး ငါးပိုင်း ပိုင်းခြားထားဟန် ရှိ၏။ ၎င်းတို့မှာ (၁) လက်ဝဲအစွန်း ပါတီ၊ (၂) လက်ယာအစွန်းပါတီ၊ (၃) ဗဟိုပါတီ၊ (၄) ဗဟို၏လက်ဝဲဘက်ကျသော ပါတီ၊ (၅) ဗဟို၏လက်ယာဘက်ကျသော ပါတီ စသည်ဖြင့် သတ်မှတ်ထားကြ၏။ ထိုထက်အနုစိတ်ပြန်သော် (၇)မျိုး၊ (၉)မျိုး၊ (၁၁)မျိုးလည်း ဖြစ်လာနိုင်ပေသည်။ လက်ဝဲအစွန်းပါတီမှာ ကွန်မြူနစ်ပါတီဖြစ်၍ နီသည်ဟု ခေါ်ကြရာ ဗဟို၏လက်ဝဲကျသော ပါတီများကို ပန်းရောင်နု၊ ပန်းရောင်အရင့် စသည်များဖြင့် ခေါ်ကြရမည်ထင်သည်။ ထူးဆန်းသော အခြင်းအရာတစ်ခုမှာ လက်ယာသမားများက လက်ဝဲသမားများအား နှိပ်နယ်သောသဘောနှင့် 'နီ' သည်ဟုခေါ်ကြခြင်းဖြစ်ရာ လက်ဝဲသမားများကမူ 'နီ' သည်ဆိုခြင်းကို ဂုဏ်ယူကြပုံရသည်။ အိန္ဒိယတိုင်းသားတစ်ယောက်အား 'ကုလား' ဟုခေါ်သည့်အခါ နှိပ်နယ်၍ခေါ်ခြင်းဖြစ်သည်ဆိုကာ နာတတ်ကြသော်လည်း အနီများကမူ ထိုသို့မဟုတ် သဘောထားကြီးကြပုံရသည်။

## သွေဖည်ပုံအမျိုးမျိုး

မာ့က်စ်ဝါဒ ပေါ်ပေါက်လာသောအခါမှစ၍ လက်ဝဲဟူသောစကား ပေါ်လာပုံရသော်လည်း ၎င်းဝါဒ ထွန်းကားလျက်ရှိသော ဆိုဗီယက်ယူနီယံ၌ပင် လက်ဝဲဟူသော အသုံးအနှုန်းမှာ မရှင်းမလင်းသကဲ့သို့ ဖြစ်နေသေးသည်။ ထိုပြည်၌ပင် လက်ဝဲဘက်ယိမ်းလေလေ နည်းလမ်းကျလေလေဟူ၍ ယူဆကြပုံမရချေ။ ဖြစ်နေဟန်ရှိသည်မှာ ဤသို့တည်း။ အရင်းရှင်စနစ် (Capitalism) ကိုတိုက်ဖျက်မည့် ကားလ်မာ့(က်စ်) ပေါ်ပေါက်၍ ကျမ်းကြီးများပြုစုခဲ့ရာတွင် ၎င်း၏ကျမ်းကြီးများမှ သင့်တော်သလို နုတ်ယူကာ လက်တွေ့ကျင့်သုံးသူမှာ လီနင်ဖြစ်သည်။ (တရုတ်ပြည်တွင်လည်း မော်စီတုန်းက အလားတူဆောင်ရွက်သည်။) ကားလ်မာ့က်စ်နှင့် အိန်ဂျယ်လိုတို့၏ ကျမ်းကြီးများမှာ (Theory) စာသဘောသာဖြစ်၍ လီနင်နှင့် မော်စီတုန်းတို့က လက်တွေ့ (Practical) လိုက်နာကျင့်သုံးကြခြင်းဖြစ်သည်။ ယင်းကဲ့သို့ စာတွေ့ကို

mgyoe.com

mgyoe.com

လက်တွေ့ဖြစ်အောင် ကျင့်သုံးရာတွင် အဓိပ္ပာယ်အကောက်အယူ ကွဲလွဲနိုင်သေး၏။ ဤတွင် လီနင်လက်ထက်၌ပင် လက်ဝဲသွေဖည်ခြင်း (Left Deviation) ဟူ၍လည်းကောင်း၊ လက်ယာသွေဖည်ခြင်း (Right Deviation) ဟူ၍လည်းကောင်း ပေါ်ပေါက်ခဲ့ဖူးသည်။ ဆိုလိုရင်းမှာ ကားလ်မာ့(က်စ်)၏ကျမ်းများမှာ နေရာတကျ အလယ်အလတ် (မဇ္ဈိမပဋိပဒါ)ကျအောင် လက်တွေ့ကျင့်သုံး လိုက်နာတတ်သူမှာ လီနင် သာဖြစ်၍ အခြားလူများသည် လက်ယာဘက်သို့လည်းကောင်း၊ လက်ဝဲဘက်သို့ လည်းကောင်း စောင်းလွန်းသည်ဆိုကာ ထုတ်ပယ်ပစ်ခဲ့ကြသည် ဟူလို။ ယခု တလောတွင်လည်း ဆိုဗီယက်ယူနီယံ၌ မာလင်ကော့နှင့် မိုလိုတော့တို့လူစုက ခရုရှက်တို့လူစု၏လမ်းစဉ်သည် လက်ယာသွေဖည်ခြင်းဖြစ်သည်ဟု စွပ်စွဲကြသည် ဆိုရာ ဤ အဓိပ္ပာယ်အရမှာ လက်ဝဲလမ်းစဉ်သည် တင်းမာခြင်းဟူ၍လည်းကောင်း၊ လက်ယာ လမ်းစဉ်သည် ပျော့ပျောင်းခြင်းဟူ၍လည်းကောင်း ဆိုသကဲ့သို့ ရှိပေတော့သည်။ (သို့သော် ဤသို့လည်းမဟုတ်ကြောင်း ရှေ့တွင်ရှင်းပါဦးမည်။)

## ဆိုရှယ်လစ်အဖြူ အနီ

ကျွန်ုပ်တို့မြန်မာပြည်၌ကား အရပ်သားအနေဖြင့် လက်ဝဲနှင့်လက်ယာကို တိကျစွာနားမလည်ဘဲ လိပ်–ကန်–သစ်တို့၏လမ်းစဉ်ကို ကြိုက်သူများအား လက်ယာသမားများခေါ်၍ ဆိုဗီယက်လမ်းစဉ်ကို ကြိုက်သူများအား လက်ဝဲသမား (အနီ)များဟု သမုတ်ကြလေသည်။ ဆိုရှယ်လစ်ဝါဒ၌ပင် နှစ်မျိုးရှိ၍ လက်ယာ ဆိုရှယ်လစ်၊ လက်ဝဲဆိုရှယ်လစ် (ဆိုရှယ်နီ)ဟူ၍ ခေါ်လာကြပြန်သည်။ အစိုးရအဖွဲ့ ထဲ၌ ပါရှိကြသည့် ဦးဘဆွေ၊ ဦးကျော်ငြိမ်း အစရှိသော ဝန်ကြီးများသည် လက်ယာ ဆိုရှယ်လစ်များဖြစ်ကြ၍ အတိုက်အခံဟုခေါ်ကြသော အလုပ်သမား လယ်သမား ပါတီမှ သခင်လွင်၊ ဦးဘငြိမ်း စသည်တို့မှာ ဆိုရှယ်နီများဖြစ်ကြသည်။ ရုရှားပြည် ကို ကွန်မြူနစ်တိုင်းပြည်ဟု ခေါ်ကြသော်လည်း ၎င်း၏စီးပွားရေးစနစ်မှာ ကွန်မြူနစ် စနစ်မဟုတ်သေး။ ဆိုရှယ်လစ်စီးပွားရေးစနစ် အခြေ၌သာ ရှိသေးသည်ဆိုရာ မြန်မာ ပြည်၌ ဆိုရှယ်လစ်အမည်ခံသော ပါတီကြီးတစ်ခုက နှစ်ခြမ်းကွဲပြီး ပဋိပက္ခဖြစ်ကာ တစ်ခုကား အစိုးရ၊ တစ်ခုကား အတိုက်အခံဖြစ်လျက် ဘယ်သူက ဘယ်ဘက်လိုက် သည်ဟု တွေးတောပြောဆိုနေကြခြင်းမှာ မျက်စိလည်စရာကောင်းလှသော ကိစ္စ တစ်ခုဖြစ်တော့သည်။ လူတစ်ကိုယ်တည်းမှ ဦးခေါင်းနှစ်လုံးပေါက်ပြီး အရှေ့ အနောက် ဝဲယာ မျက်နှာမူနေသော ပုံသဏ္ဌာန်ကိုသာ မြင်မိပါတော့သည်။

mgyoe.com

mgyoe.com


## အစွန်းနှစ်ဖက်လုံး တင်းမာခြင်း

တစ်ကမ္ဘာလုံးခြုံကြည့်ပြီး လက်ယာလက်ဝဲ ခွဲခြားရမည်ဆိုလျှင် အမေရိကန်ပြည်မှ (ကွယ်လွန်သူ) မက္ကာသီ၊ နိုင်လင်၊ ဒါးလဲစ် တည်းဟူသော ပုဂ္ဂိုလ်များသည် လက်ယာဘက်အစွန်းကျ၍ စတာလင်နှင့် (နောက်ဆုံး သတင်းများအရ) မိုလိုတော့၊ ကာဂါနိုဗစ် စသောပုဂ္ဂိုလ်များသည် လက်ဝဲအစွန်းဆုံးဟူ၍ ဆိုကြရမည်။ လက်ဝဲအစွန်းမှ စတာလင်တို့လူစု တင်းမာသလောက် လက်ယာအစွန်းမှ မက္ကာသီ၊ နိုလင်၊ ဒါးလဲစ်တို့လူစုလည်း တင်းမာကြသည်ဖြစ်သောကြောင့် တင်းမာခြင်း၊ ပျော့ခြင်းကို လက်ဝဲလက်ယာ ဆုံးဖြတ်၍ ဖြစ်နိုင်မည်မဟုတ်ချေ။ ဖြစ်ဟန်ရှိသည်မှာ လက်ဝဲဖြစ်စေ၊ လက်ယာဖြစ်စေ အစွန်းဆုံးဆိုလျှင် တင်းမာသည်ချည်းနှင့်တူသည်။ တစ်နည်းဆိုသော လက်ဝဲအစွန်း၊ လက်ယာအစွန်းသမားများသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သော 'မူ' ကို လက်မခံလိုကြဘဲ၊ 'အပြုတ်တိုက်' လမ်းစဉ်ကို သဘောကျကြသည့် လက္ခဏာရှိသည်။

## ကွဲချင်ကွဲနိုင်ခြင်း

မြန်မာပြည်ဘက်သို့ကြည့်သော် ဖဆပလအစိုးရ တက်လာစအခါများ၌ အနောက်အုပ်စုထဲမှ အရင်းရှင်အစိုးရများသည် 'ဖဆပလအစိုးရအား လက်ဝဲအစိုးရဟု မြင်ကြ၍ အတော်တုန်လှုပ် စိုးရိမ်ကြပုံရသည်။ ထိုနောက်မှ ကွန်မြူနစ်တော်လှန်ရေးသမား (ဆိုရှယ်လစ်နှစ်ခြမ်းကွဲ၍) ဆိုရှယ်နီအတိုက်အခံများဟူ၍ ပေါ်လာကြသည်တွင် အနောက်မှ အရင်းရှင်အစိုးရအား အတော်ကလေး စိတ်အေးသွားကြဟန်ရှိသည်။ ကွန်မြူနစ်နှင့် ဆိုရှယ်လစ်တို့က အတိုက်အခံအဖြစ်နှင့် အတိအလင်း ကြွေးကြော်သည်ဆိုကတည်းက ဖဆပလအစိုးရမှာ ၎င်းအဖွဲ့များကို နှိမ်ရခြင်းအားဖြင့် အရင်းရှင် (လက်ယာ) အစိုးရနှင့် ပူးပေါင်းရန်လိုအပ်သကဲ့သို့ ဖြစ်သွားပေတော့သည်။ အကယ်၍ သခင်ဗစိန်တို့ ဒီမိုကရက်တစ် (လက်ယာ) ပါတီသမားများ အင်အားရှိ၍ သူပုန်ထကြမည်ဆိုလျှင်လည်း ဖဆပလအစိုးရသည် (မိမိတို့တည်မြဲရေးအတွက်) လက်ဝဲအစိုးရနှင့် ပူးပေါင်းရန်လိုအပ်သကဲ့သို့ ဖြစ်လာဦးမည်ပင် ဖြစ်သည်။ ပြည်သူပိုင်လုပ်ငန်းစနစ်ကို ကျင့်သုံးခြင်းအတွက်ကြောင့် လက်ဝဲဆက်ဆံသည်ဟု ဆိုနိုင်သော်လည်း လက်ယာဆိုရှယ်လစ်များလည်း ပါဝင်လျက်ရှိသော ဖဆပလအစိုးရမှာ (ပြင်သစ်ပြည် အသုံးအနှုန်းအတိုင်း) ဗဟို၏လက်ယာဘက်ကျသော အစိုးရဟု ခေါ်မည်ထင်သည်။ သို့ရာတွင် ဤအဆုံးအဖြတ်မှာ ကျွန်ုပ်၏အဆုံးအဖြတ်မျှသာဖြစ်ရာ အမေရိကန်အစိုးရ၏ မျက်စိ၌မူ ဗဟို၏လက်ဝဲဘက်

mgyoe.com

mgyoe.com


အစိုးရဟု ခေါ်ကြမည်လော မပြောတတ်ပေ။ မြန်မာပြည်အစိုးရ ကက်ဘိနက်အဖွဲ့တွင်လည်း အယူအဆကွဲလွဲသည်များ ရှိသည်ဆိုရာ တစ်ချိန်တစ်ခါတွင် ဆိုဗီယက်ဝန်ကြီးအဖွဲ့အတွင်း၌ ဖြစ်ပျက်သည့်ကိန်းအတိုင်း ဖြစ်ခဲ့သော် ကျွန်ုပ်အဖို့ရာ၌ အံ့သြလိမ့်မည်မဟုတ်ချေ။

## ကျွေးမွေးနိုင်လျှင်လူရမည်

တစ်ဖန် မြန်မာပြည်သူ ပြည်သားများဘက်သို့ လှမ်းကြည့်ကြပါဦးစို့။ ဤတိုင်းပြည်၌ လက်ဝဲသမား ပေါများသလော၊ လက်ယာသမား ပေါများသလော အမှန်စင်စစ်မှာ လက်ဝဲသမားဟူသည် နည်းစနစ်တစ်ခုခုကို ယုံကြည်မှုဖြင့် လက်ကိုင်ပြုထားသော လူဖြစ်၏။ လက်ယာသမားဟူသည်မှာကား ယုံကြည်မှုဟူ၍ လက်ဆုပ်လက်ကိုင် ပြသူမဟုတ်။ ပုံတော်သလို ကြီးပွားအောင်လုပ်သွားရမည်ဆိုသော လူစုမျှသာဖြစ်သည်။ သို့သော် လက်ယာသမားများအဖို့တွင် ယုံကြည်မှုမရှိဟု ဆိုသော်လည်း (အမေရိကန်ပြည်မှ မက္ကာသီနှင့် မြန်မာပြည်မှ သခင်ဗစိန်တို့ကဲ့သို့) ကွန်မြူနစ် သို့မဟုတ် မာ့(က)ဆစ် စီးပွားရေးစနစ် မကောင်းဟူ၍ အခါခပ်သိမ်း ပုတ်ခတ်ပြီး အမြဲတမ်းမုန်းတီးသော လူစုရှိသည်ကား မှန်သည်။ ၎င်းတို့ကို လက်ယာအာဏာအစွန်းမှ လူများဟူ၍ ခေါ်ရပေလိမ့်မည်။ ဖ–ဆ–ပ–လ ထဲသို့ ဝင်ကြသူများမှာမူ လက်ယာလည်း မခေါ်နိုင်၊ လက်ဝဲလည်း မခေါ်နိုင် ကိုယ်ရေးကိုယ်တာ ချောင်ချိမှုအတွက် ဝင်ကြည့်ခြင်းသာဖြစ်သည်။ အာဏာလက်ကိုင်ရှိသော အစိုးရမည်သည် ကျွေးနိုင်၊ မွေးနိုင်၊ ပေးနိုင်၊ ကမ်းနိုင် အစာခွံ့နိုင်သည်ဆိုလျှင် လိုချင်သလောက် လူရနိုင်မည်ဖြစ်သောကြောင့် ဘယ်နှစ်သိန်း၊ ဘယ်နှစ်သန်းရှိပြီဟု ကြေညာခြင်းများမှာ အဓိပ္ပာယ်မရှိလှချေ။

## မျက်မုန်းကျိုးခံရခြင်း

တောခိုသော ကွန်မြူနစ်များအပြင် (မာ့က်ဆစ်) စီးပွားရေးစနစ်သည်သာလျှင် တိုင်းပြည်လူထု ချောင်ချိသက်သာစေနိုင်သည်ဟု ယုံကြည်သော ဆိုရှယ်နီများ၊ ကျောင်းသူ ကျောင်းသားများ၊ အရပ်သူ အရပ်သားများ ရှိကြ၏။ ၎င်းတို့အား လက်ဝဲသမား(ပန်းနု၊ ပန်းရင့်၊ ကြက်သွေး စသည်ဖြင့် အဆင့်ဆင့်) အနီများဟု ခေါ်ကြသည်။ အမေရိကန်ပြည်မှ မက္ကာသီကဲ့သို့သော ပုဂ္ဂိုလ်က အိန္ဒိယပြည်ဝန်ကြီးချုပ် ရှရီနေရူးအား စိတ်တိုင်းမကျသည့်အခါ နီသည်ဆိုခြင်းကို ရှရီနေရူးက နာချင်နာမည်ဖြစ်သော်လည်း မာ့(က)ဆစ် စီးပွားရေးစနစ် ယုံကြည်သူများအား 'အနီများ'

mgyoe.com

mgyoe.com


ဟု ခေါ်ကြသည့်အခါ နာကြပုံမရချေ။ လက်ဝဲသမားများဆိုသူများမှာ ဤအချိန်အခါ၌ အစိုးရက မျက်မုန်းကျိုးခြင်းခံရသော လူစုဖြစ်ဟန်ရှိ၏။ 'အနီရဲကြီး' ဆိုသူတစ်စုက တော်လှန်ပုန်ကန်နေကြသော ဤအချိန်မျိုးတွင် ပန်းနု၊ ပန်းရင့်များ မျက်မုန်းကျိုးခံရခြင်းမှာလည်း အံ့သြဖွယ်ရာ မဟုတ်ပါပေ။

## စားချင်သလား ဝတ်ချင်သလား

စားချင်သောက်ချင်၍မဟုတ်ဘဲ ယုံကြည်မှုကြောင့် လက်ဝဲဖြစ်နေကြ၍သာ တော်တော့သည်။ လက်ဝဲသမားများကား ဤတစ်ခေတ်တွင် အငတ်ဆုံးသော လူစုဖြစ်၏။ တစ်ဖက်၌ ပုဒ်မ ၅–ကိုကြောက်ကြရသည့်အထဲတွင် အခွင့်အရေးနှင့်ပတ်သက်၍လည်း အဆုံးရှုံးဆုံးသော လူစုဖြစ်၏။ ဤနေရာ၌ ဗန်းမော်ဆရာတော်နှင့် ထွင့်ခေါင်ဆရာတော်ဘုရားတို့ အကြောင်းကို သတိရမိသည်။ ဗန်းမော်ဆရာတော်ကား ကောင်းကောင်းနေသော ဂိုဏ်းဖြစ်ရာ ထွင့်ခေါင်ဆရာတော်မှာမူ ဓူတင်ဆောင်ဂိုဏ်းဖြစ်သည်။ ဤတွင် ထွင့်ခေါင်ဆရာတော်က 'ဝဝစားပြီး ချမ်းချမ်းသာသာနဲ့ နိဗ္ဗာန်ရောက်ချင်တဲ့လူများ ဗန်းမော်ဆရာတော်ဆီ သွားကြပေတော့' ဟု မိန့်တော်မူဖူးလေသည်။ ဤခေတ်တွင်လည်း ဝဝစားရတဲ့ နိုင်ငံရေးလုပ်ချင်လျှင် လက်ယာလမ်းကိုလိုက်ကြ၊ ငတ်ငတ်မွတ်မွတ်၊ ပြတ်ပြတ်လပ်လပ်နေရတဲ့ နိုင်ငံရေးလုပ်ချင်လျှင် လက်ဝဲလမ်းကို လိုက်ကြပေတော့ ဟု ပြောရန်သာ ရှိတော့သည်။

## အခွင့်သာသောလူစု

ရှင်းဦးအံ့။ ကျွန်ုပ်သည် ဤဆောင်းပါး ရေးသားတင်ပြရာ၌ လက်ဝဲဝါဒ၊ လက်ယာဝါဒတို့၏ ကောင်းခြင်း မကောင်းခြင်း၊ လမ်းမှန်ခြင်း၊ မမှန်ခြင်းအကြောင်းကို ဖော်ထုတ်ရန်မဟုတ်။ ကမ္ဘာနှင့်မြန်မာပြည်တွင် လက်ဝဲသမား၊ လက်ယာသမားတို့အခြေအနေ အကြောင်းကို ကျွန်ုပ်နားလည်သလို တင်ပြခြင်းမျှသာ ဖြစ်သည်။ လက်ဝဲသမားနှင့် လက်ယာသမားသည် ကျောင်းသားအရွယ်ကတည်းက ခြားနားချက်ရှိ၏။ လက်ယာသမားကလေးများသည် ကိုယ်ပိုင်(ပစ်ကပ်) ကားစီးနိုင်သည်ဖြစ်၏။ ကပ်ရပ်၍စီးသည်ဖြစ်စေ၊ ငှားသူက ငှားသည်ဖြစ်စေ မော်မော်ကြွားကြွားသွားလာနိုင်ကြ၏။ ပြောင်ပြောင်လက်လက် တောက်တောက်ပပ ဝတ်နိုင်ကြ၏။ လက်ဝဲသမားကလေးများမူကား (စည်းရုံးမှုအတွက် အားထုတ်ရသောကြောင့်) ကိုယ်ကို 'သ' ဖို့ မဆိုထားနှင့်၊ ခေါင်းပင်မဖြီးနိုင်သဖြင့် ဘိုကေစုတ်ဖွားနှင့် ခြေလျင်သွားနေကြသည်ကိုသာ တွေ့ရသည်။ စာမေးပွဲအတူတူ အောင်ကြလျှင်လည်း

mgyoe.com

mgyoe.com


လက်ယာသမားကလေးများမှာ အလုပ်အကိုင်အတွက်သေချာ၍ အထိုက်အလျောက် အရည်အချင်းရှိလျှင် ပညာတော်သင်အဖြစ်နှင့် ပြည်သူ့ငွေဖြင့် နိုင်ငံခြားသို့မသွားချင် အဆုံးဟု ကြားသိရသည်။

## လူရေးသာပေသကို

နိုင်ငံရေးသမား၊ သတင်းစာသမားဆိုပြန်လျှင်လည်း လက်ယာသမားသည် သာလျှင် 'စန်းပွင့်' လျက်ရှိကြသည်။ ယခင်တလောကမူ လက်ဝဲသမားများသည် လက်ဝဲနိုင်ငံများနှင့်လည်းကောင်း၊ လက်ယာသမားများသည် လက်ယာ(အရင်းရှင်) နိုင်ငံများနှင့်လည်းကောင်း သူ့နယ်နှင့်သူ ပလဲနံပတ်သင့်ကြ၍ သွားကြလာကြ ဝင်ကြထွက်ကြ ပြုလုပ်ခဲ့ကြ၏။ ယခုတလောတွင်ကား အခြေအနေ ပြောင်းလဲသွား ခဲ့လေပြီ။ လက်ဝဲသမားများအား လက်ဝဲနိုင်ငံများက ဖိတ်ခေါ်ခဲ့လျှင် ဖဆပလအစိုးရ က ပတ်(စ်)စပို့ ထုတ်မပေးချင်တတ်။ ဤအကြောင်းကို ရိပ်မိသောလက်ဝဲနိုင်ငံများ ကလည်း ဖိတ်ခေါ်ခြင်း မပြုတော့ချေ။ လက်ယာနိုင်ငံများကဆိုပါမူ လက်ဝဲသမား ကို ဖိတ်ခေါ်ဖို့ဝေးစွ၊ ၎င်းတို့၏မြေကြီးပေါ်၌ ခြေချသည်ကိုပင် မကြိုက်နိုင်ချေ။ လက်ယာသမားများမူကား လက်ယာနိုင်ငံများက ဖိတ်ခေါ်သည့်အခါ ဖဆပလ အစိုးရက ပတ်(စ်)ပို့ထုတ်ပေးဖို့ ငြင်းဆန်သည်ဟု မကြားရဖူးသေး။ လက်သွက်စွာ နှင့် ထုတ်ပေးခြင်းကိုသာ တွေ့ရသည်။ လက်ဝဲနိုင်ငံများကလည်း လက်ယာသမား များ အထင်အမြင်ပြောင်းလဲ၍ မိမိတို့အပေါ်၌ အကောင်းထင်စေခြင်းငှာ ဖိတ်ခေါ်ကြ လေပြီ။ ဖဆပလအစိုးရကလည်း လက်ဝဲနိုင်ငံများသို့ လက်ဝဲသမားများ သွားခြင်း ကို မကြိုက်နိုင်သော်လည်း လက်ယာသမားများ သွားဖို့မူကား ကြေးများသည်ဟု မကြားရဖူးသေးချေ။ ဤတွင် လက်ယာသမားများမှာ ဟိုဘက်ရော သည်ဘက်ပါ ဖိတ်ခေါ်ရာသွားနိုင်ကြ၍ ဗိုက်ကားအောင် စားရင်းသောက်ရင်းဖြင့် ဒေသန္တရ ဗဟုသုတ ဆည်းပူးနိုင်ကြလေတော့သည်။ ဤခေတ်တွင် လက်ယာသမားများသည် လက်ဝဲသမားထက် 'လူရေးသာ' သည်ဟု ဆိုရပေမည်။

## လူကြိုက်များနိုင်သည်

တစ်ဖန် လက်ယာအစိုးရများ (အထူးသဖြင့် အမေရိကန်အစိုးရ)သည် လက်ဝဲအစိုးရများ (အထူးသဖြင့် ရုရှားအစိုးရ)ထက် 'လက်ဖွာ' ပုံရ၏။ အမေရိကန် အစိုးရမှာ သူဌေးများအား ကိုယ်စားပြုသောအစိုးရဖြစ်၍ သူဌေးပီပီ ဒေါ်လာကို ရေလိုသုံးနိုင်ကြသည်။ အကြောင်းအပေါင်းသင့်သော လက်ယာသမားသည် စားစား

mgyoe.com

mgyoe.com


သောက်သောက်နှင့် အတော်ဗိုက်ဖောင်းလျက် ရှိကြသည်။ ဆိုရှယ်လစ်နိုင်ငံ အစိုးရများသည် ၎င်းတို့ကိုယ်တိုင် အလုပ်သမားဘဝက တက်လာကြသူများ ဖြစ်သည့်အလျောက် အရင်းရှင်အစိုးရများကဲ့သို့ ဖောဖောသီသီ ရက်ရက်ရောရော ပစ်ခတ်သုံးဖြုန်းလေ့မရှိ။ ၎င်းတို့၏ဝါဒကို သဘောပေါက်နားလည်ပြီး ယုံကြည်စေမှုအတွက် စာအုပ်စာတမ်းများဖြင့် ဝါဒဖြန့်ခြင်းအလုပ်ကိုသာ အားကိုးကြသည်။ ယုံကြည်မှုသည် စားရသောက်ရခြင်းထက် ခိုင်မြဲတည်တံ့သည်ကား မှန်ပေလိမ့်မည်။ သို့ရာတွင် ရုတ်တရက်အားဖြင့်ကြည့်သော် ဗန်းမော်ဆရာတော်၏လမ်းစဉ်လို 'ဆူလွယ်နပ်လွယ်' ဆို၍ ကြိုက်သူပေါ်များပုံရသည်။

## အငတ်ဇာတာပါသည်

လက်ယာသတင်းစာသမားများနှင့် နိုင်ငံရေးသမားများသည် ဤတလောတွင် 'ပဲက, ရ–နှမ်းက, ရ' ဆိုသောစကားကဲ့သို့ ဟိုဘက်သည်ဘက် နှစ်ဖက်နှစ်ဌာနလုံးမှ အလှူခံ၍ မစားချင်အဆုံး၊ မသွားချင်အဆုံး ဖြစ်နေကြသလောက် လက်ဝဲသမားများကား ဝမ်းဗိုက်ဟောင်းလောင်းဖြစ်နေကြသည်။ အချို့မှာ မိမိတို့၏ယုံကြည်မှုနှင့် မကိုက်ညီဆိုကာ မက်မောလောက်သော ရာထူးကြီးမျိုးကို စွန့်လွှတ်ပြီးနောက် မဝတဝစား၍ မလုံ့တလုံ ဝတ်နေရှာကြ၏။ လက်ဝဲမှန်းတီးသော ဖဆပလအုပ်စုကလည်း ဤသို့သောလူများအား ထမင်းဝမည့် အလုပ်တစ်ခုခုရမည်ကိုပင် မကြည့်နိုင်သည့် လက္ခဏာနှင့် ကပျက်ယပျက် လုပ်သေးသည်ဟူ၍ ညည်းညူသံများပင်ကြားရ၏။ အချို့လက်ယာသမားများသည် အရင်းရှင်အစိုးရများ အကြိုက်လိုက်၍ တစ်ချီတစ်ချီတွင် တစ်စခန်းထပြီး ပြောလိုက်ရေးလိုက်ခြင်းဖြင့် တစ်နှစ်ထိုင်စားလောက်အောင် ရကြသည်ဆိုရာ လက်ဝဲသမားများမှုကား–နိုင်ငံရေးကြောင့် အိုးအိမ်ပြုပြီး နပ်ကျော်စားနေသူများပင် မြင်ရဖူးသည်။ ကျွန်ုပ်၏အမြင်မှာ လက်ဝဲဝါဒကို သဘောကျယုံကြည်မိသူများသည် 'အငတ်ဇာတာ' ပါသောသူများ ဟူ၍ဆိုလိုက်ချင်သည်။

## အတိတ်တဘောင်နှင့်လူ

ဆိုမည့်သာ ဆိုရသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း (နိုင်ငံရေးမလုပ်စေကာမူ) အငတ်သမားများစာရင်းတွင် ပါဝင်လျက်ရှိကြောင်း ဝန်ခံရပေမည်။ မည်သို့တတ်နိုင်မည်နည်း။ ကျွန်ုပ်မှာ ကံဇာတာအရ လက်ဝဲဝါဒသို့ ရောက်ရခြင်းဖြစ်သည်။ ကျွန်ုပ်၏ဖခင်မှာ လက်ဝဲသုဉ္စရ မွေးဖွားသည့် 'မန်ကျည်းတုံ' ရွာသားဇာတိ ဖြစ်သည်။

mgyoe.com

mgyoe.com


ကျွန်ုပ်အားရှင်ပြုသောအခါ ဘွားအေဖြစ်သူက မြေးများအား လယ်တစ်တောစီ လက်ဖွဲ့ရာတွင် ကျွန်ုပ်ရသော လယ်တောအမည်မှာ လက်ဝဲစားတောဟူ၍ ခေါ်သည်။ ထိုကဲ့သို့ အတိတ်နှင့်တဘောင်နှင့် လာခဲ့သူတစ်ယောက် လက်ဝဲသမားဖြစ်ပြီး မငတ်လျှင် ဘယ်သူငတ်ဦးမည်နည်း။

**စားပေါက်စားလမ်းပွင့်ဖူးခြင်း**

အမှန်ကိုဖော်ပြရလျှင် ကျွန်ုပ်မှာ သတင်းစာဆရာ လုပ်စအခါက လက်ဝဲလက်ယာလည်း နားမလည်၊ မာ့က်စ်ဇင်းလည်း နားမလည် ကိုလိုနီဝါဒ တော်လှန်ခြင်းနှင့် ပတ်သက်၍ တတ်သလောက် မှတ်သလောက် ခပ်ရှင်းရှင်းပြတ်ပြတ် ရေးချင်တတ်ခြင်းလောက်မျှသာ အထုံပါခဲ့သည်။ သူရိယတိုက်၌လုပ်စဉ် (ကမ္ဘာစစ်ဖြစ်စက) ဗြိတိသျှကာကွယ်ရေးဌာနက ၂–ကြိမ်ခေါ်ပြီး အကြိမ်းအမောင်း ခံခဲ့ရဖူးသည်။ ထို့နောက် လွတ်လပ်ရေးခေတ်သို့ ရောက်ခဲ့ရာတွင် လက်ဝဲလက်ယာ သဘောမထားတတ်သေး၊ စားလောက်အောင်ပေး၍ လွတ်လပ်စွာရေးခွင့်ပြုလျှင် မည်သည့်သတင်းစာတိုက်မှာမဆို လုပ်ဖို့အဆင်သင့်ရှိသည်။ ဟံသာဝတီအတွက် ဦးညွန့်ကလည်း စာအတန်တန်ရေး၍ ခေါ်ဖူးသည်။ သို့သော် လူထုတိုက်နှင့် အလျှဉ်းသင့်၍ ဝင်ကိုင်ခဲ့သည်။ ၁၉၅၁–ခုနှစ်တွင်မူကား ကျွန်ုပ်မှာ ကားလ်မာ့က်စ်၏ လက်ဝဲစာပေများကို ဖတ်ရှုရာတွင် သဘောကျခဲ့မိသည်။ ထို့နောက် နေ့စဉ်ခေါင်းကြီး ရေးရခြင်းအလုပ်ကို ငြီးငွေ့သည်နှင့် လူထုတိုက်မှ အနားယူလျက်ရှိစဉ် ဝဝစားရမည့်သတင်းစာတိုက်များ စရိုက်မကုန်ဘဲနှင့် ကမ္ဘာ့အရှေ့ပိုင်း အနောက်ပိုင်းတစ်ခွင် ပြုပြစ်ပြင်ပြင်အောင် လှည့်လည်နိုင်မည့် သတင်းစာတိုက်မျိုးတွင် ဝင်ကိုင်ဖို့ ၂–ကြိမ် ၃–ကြိမ် အခွင့်ကြုံခဲ့သည်။ ကားလ်မာ့က်စ်၏ စာအုပ်များကိုဖတ်သည့် ၁၉၅၁–ခုနှစ်မတိုင်မီက ထိုအရေးအခွင့်မျိုး ကြုံခဲ့ပါမူ သွက်လက်စွာ လက်ခံကောင်း လက်ခံမိပေမည်။ ယခုကား မဖြစ်နိုင်တော့ချေ။ ယုံကြည်မှုကိုဖယ်ထားပြီး တိုက်ပိုင်ရှင်ကြိုက်အောင် ရေးတတ်သောလူတစ်ယောက်လည်း မဟုတ်ချေ။ ဆိုလိုရင်းမှာ ကျွန်ုပ်သည် အထက်တွင်ဖော်ပြခဲ့သည့် အတိုင်း လက်ဝဲသမားအနေဖြင့် အတိတ်နှင့်တဘောင်နှင့် လာခဲ့သူဖြစ်သည့်အလျောက် 'အငတ်ဇာတာ' ပါခဲ့သူဖြစ်၍ ကံပစ်ချရာအတိုင်း ပျော်မွေ့စွာ နေရမည့်သူဖြစ်ပါတော့သည်။ ဤသို့ ရေးသားခြင်းဖြင့် ကျွန်ုပ်၏အဖြစ်ကို ကျွန်ုပ်မကျေနပ်ဟု မှတ်ထင်မိကြလျှင် မှားသည်ဟုပင် ဆိုလိုက်ရသည်။

mgyoe.com

mgyoe.com


## ဒွေးတော်လွမ်းသတဲ့

နိဂုံးချုပ်အနေဖြင့် ရှင်းလင်းလိုသော အချက်တစ်ခုရှိ၏။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လက်ဝဲလက်ယာနှင့် ပတ်သက်၍ အစွန်းနှစ်ဖက်အပြင် ဗဟို၏လက်ယာ၊ ဗဟို၏လက်ဝဲ စသည်ဖြင့် ငါးပိုင်း ပိုင်း၍ တင်ပြခဲ့သည်။ ကျွန်ုပ်သည် နိုင်ငံရေးသမားအမျိုးမျိုးနှင့် ဆွေးနွေးခဲ့ဖူးရာတွင် လွတ်လပ်ရေးရပြီးသည့်နောက်၌ တိုင်းပြည်မလုံခြုံခြင်း၊ အမှုထမ်းများ ပေါ့လျော့ခြင်း၊ ညံ့ဖျင်းခြင်း၊ ဆင်းရဲသားလူထု ကျပ်တည်းဆင်းရဲခြင်း အစရှိသောဒုက္ခများ ကြုံတွေ့ရသောကြောင့် ဗြိတိသျှအစိုးရ လက်ထက်ကပင် ကောင်းသေးသည်။ ဗြိတိသျှအစိုးရ ပြန်လာလျှင် ကောင်းလိမ့်မည် စသည်ဖြင့် ရေရွတ်တမ်းတသော လူအချို့လည်း တွေ့ရဖူးသည်။ ၎င်းတို့ကား လက်ယာအစွန်းဆုံးမှ လူစုဟူ၍ သမုတ်ရမည်ထင်သည်။ လက်ဝဲသမားများအနက်မှ မူကား တိုင်းပြည်ကျပ်တည်းရုံသာမက ဖဆပလအစိုးရက လက်ဝဲသမားဟူသမျှကို ပုဒ်မ(၅)နှင့် ထောင်ထဲသို့ ချထားစေကာမူလည်း ရုရှားအစိုးရအုပ်ချုပ်လျှင် ကောင်းမည် စသည်ဖြင့် တောင့်တသူဟူ၍ တစ်ယောက်တလေမျှပင် မကြုံမတွေ့ရဖူးသေးချေ။ သို့နှင့် "ဒွေးတော်လွမ်းသူ" များဟူ၍ စွပ်စွဲတတ်ကြသူများမှာ မမှန်သောစကားဆိုမှုကြောင့် ဘုန်းကြီး၍သက်မရှည်ဘဲရှိမည်စိုးရသတည်း။

❑

mgyoe.com

mgyoe.com

## လူ့သဘာဝ

**ဝါဒဖြန့်ခြင်း၊ သာသနာပြုခြင်းများကြောင့်၊ အဆိုးလည်းဖြစ်နိုင်၍ အကောင်းလည်း ဖြစ်နိုင်ပုံ။**

ပုထုဇဉ်ဟူသည် မိမိကိုယ်ကိုအထင်ကြီးတတ်သော သဘာဝရှိတတ်မြဲဖြစ်သည့်အတိုင်း မနုဿလူသားသည် တစ်ဦးတစ်ယောက်၏ အနေဖြင့်သော်လည်းကောင်း၊ အစုအအုပ်အနေဖြင့်သော်လည်းကောင်း လူတစ်ကိုယ် ထင်တစ်လုံးစီ ရှိတတ်ကြသည်သာဖြစ်၏။ 'ဖန်ဆင်း' သည်ဆိုခြင်းကို ယုံကြည်သည့် ခရစ်ယာန်ဘာသာဝင် စသည်များကလည်း လူသားသည် ဘုရားသခင် ဖန်ဆင်းသမျှသော သက်ရှိ၊ သက်မဲ့အရာများအနက်တွင် ထိပ်ခေါင်တင် (Lord of the Creation) ဖြစ်သည်ဟု ယုံကြည်ကြ၏။ ဤယုံကြည်ချက်မှာ 'ကျမ်းစာ' အရဖြစ်သည်ဆိုသော်လည်း လူသား၏ပတ်ဝန်းကျင်သို့ လှမ်းမျှော်ကြည့်လိုက်ရာဝယ် မြင်း၊ နွား၊ ခွေး၊ ကြောင် အစရှိသည့် လူသားလက်အောက်ရှိသတ္တဝါများ ကျား၊ ဆင်၊ ခြင်္သေ့ စသည့် အရိုင်းအစိုင်းတိရစ္ဆာန်များ ပလူ၊ ဖလံ၊ ခြ၊ ပုရွက်ဆိတ် စသည့် ပိုးမွှားများကိုသာ တွေ့ရခြင်းကိုသာ အထောက်အထားပြု၍ ကောက်နုတ်ချက် ထုတ်ထားသည့် လက္ခဏာရှိ၏။ ခေတ်ကာလ နက္ခတ်တာရာပညာ (Astronomy) အရ ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးလုံးသည် နေကို ပတ်ချာလှည့်ကြရသည့် ဂြိုဟ် (Planet) ၉-လုံး၊ ၁၁-လုံးအနက် တစ်လုံးမျှသာဖြစ်ခြင်း၊ ကျွန်ုပ်တို့၏ နေသည် ရုပ်လောကကြီးတစ်ခုလုံးတွင် တတိယအတန်းအစားမျှသာဖြစ်၍ ၎င်းနှင့် အရွယ်တူညီသောနေများ၊ ၎င်းထက် သေးငယ်သောနေများ၊ ၎င်းထက် အဆတစ်ရာမက ကြီးမားထွန်းပြောင်

mgyoe.com

သောနေများသည် သုညထိုး၍ မလောက်နိုင်အောင် မြောက်မြားစွာရှိနေသေးခြင်း၊ အဆိုပါ နေတစ်လုံး တစ်လုံးကို လှည့်ပတ်သွားလာနေကြသည့် ဂြိုဟ်များလည်း ရှိနိုင်၍ ဂြိုဟ်ပေါင်း အနန္တောအနန္တ ရှိနိုင်သေးခြင်း၊ ယင်းသည် ဂြိုဟ်များတွင်လည်း ဤကမ္ဘာမြေကြီးလုံးမှာကဲ့သို့ပင် အကြီးစားသတ္တဝါများနှင့် အနုံညာတ သတ္တဝါများ ရှိနိုင်သေးခြင်း၊ ၎င်းဂြိုဟ်များရှိ အကြီးစားအမြင့်စား သတ္တဝါများသည် ဤကမ္ဘာမြေကြီးလုံး၌ အမြတ်ဆုံးဆိုသည့် မနုဿလူသားထက် ကြီးချင်မြတ်ချင်လည်း ဖြစ်နိုင်သေးခြင်း စသည်များပါ ထည့်သွင်းဆင်ခြင်သည့်အခါ ဖန်ဆင်းသမျှသော အရာတို့၏ 'ထိပ်ခေါင်တင်' ဆိုသောကျမ်းထွက်ကို လက်ခံယုံကြည်ကြသူများအဖို့မှာ မောဟိုက်ပင်ပန်းဖွယ်ရာ ရှိပေတော့သည်။

## သွေးကြီးစရာမဟုတ်သေးပါ

တစ်ဖန် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်အဖို့မှာလည်း မနုဿလူသားဖြစ်ရခြင်း အတွက် 'သွေးကြီး' ဖွယ်ဖြစ်နေသည့် အထောက်အထားရှိမည်လည်း မှန်ပေသည်။ ဂေါတမဗုဒ္ဓသည် ဘုံသုံးပါး (လူ၊ နတ်၊ ဗြဟ္မာ) ရှိသည့်အနက်တွင် မနုဿလူသား ၏ အဖြစ်ကိုသာလျှင် ဒုလ္လဘ(အလွန်ရခဲလှသည်) ဟူ၍ ဟောတော်မူခဲ့၏။ သို့ရာတွင် ဤသို့ ဟောတော်မူခြင်းအားဖြင့် (ဖန်ဆင်းရေးသမားများ ယုံကြည်သကဲ့သို့) လူသားသည် တန်ခိုးအကြီးဆုံး၊ အမြတ်ဆုံးဟူ၍ ဆိုလိုတော်မူခြင်းမဟုတ်။ အခြားသော အဓိပ္ပာယ်ဖြင့် ရည်ရွယ်တော်မူခြင်း ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ သုံးဆယ့်တစ်ဘုံ ရှိသည်ဟု လက်ခံယုံကြည်ကြသော ဟိန္ဒူဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များအဖို့မှာ ခေတ်ကာလ နက္ခတ်ပညာ (Astronomy) အတွက်ကြောင့် ကယောင်ချောက်ချား ဖြစ်စရာလည်းမရှိ။ မနုဿလူသား ဖြစ်လာရခြင်းအတွက်ကြောင့် (ဖန်ဆင်းရေးသမားများကဲ့သို့) အလွန်အမင်း သွေးကြီးစရာလည်း အကြောင်းမရှိချေ။

## ပါးရေနပ်ရေရှိသော မြန်မာ

ပုထုဇဉ်တို့၏ ကိုယ့်ကိုယ်ကို အထင်ကြီးတတ်သော သဘာဝနှင့် ပတ်သက်၍ တစ်ကမ္ဘာလုံးတွင် ကိုယ့်လူမျိုးသာလျှင် အမြတ်ဆုံးဟူသော ယုံကြည်ချက်ကလေးမှာ အတော်ပင်သနားစရာကောင်း၍ ပြုံးရယ်စရာလည်း ဖြစ်နေပေသည်။ တစ်ခေတ်က ရောမလူမျိုး၊ ဂရိတ်လူမျိုး၊ စပိန်လူမျိုး၊ (အိန္ဒိယပြည်၌) ဗြဟ္မဏလူမျိုး၊ မဟာရုတ္တလူမျိုး၊ အင်္ဂလိပ်လူမျိုး၊ ဂျာမန်လူမျိုး၊ ဂျပန်လူမျိုး စသည်တို့သည် မိမိလူမျိုးကို ပြိုင်ဘက်မရှိ၊ အတုမရှိဟု ထင်ခဲ့ကြဖူး၏။ နောက်ဆုံး ဤတစ်ခေတ်တွင်

mgyoe.com

mgyoe.com


အမေရိကန်လူမျိုး(ပြည်သား)၊ ရုရှားလူမျိုးတို့သည်လည်း ဤနည်းနှင်နှင် အထင်ရောက်ကြသည့် လက္ခဏာရှိ၏။ ကျွန်ုပ်တို့မြန်မာလူမျိုးတို့သည်လည်း (ငယ်ပင်ငယ်စေကာမူ) ကိုယ့်လူမျိုးကို အထင်ကြီးခြင်း၌ 'ချို' လှသည် မဟုတ်ချေ။ အထက်တွင် ဖော်ပြခဲ့သည့် လူမျိုးများအနက် သူ့ခေတ်နှင့်သူ အထင်ကြီးလောက်စရာ အကြောင်းအချက် ရှိကြသည်သာများပေရာ အချို့မှာ တန်ခိုးအာနိသင် လျော့ဆင်းခဲ့ပြီဖြစ်သော်လည်း အထင်ကြီးခြင်းကား လျော့ကျသေးသည့် လက္ခဏာမရှိချေ။ အချို့သော လူမျိုးများသည် နယ်ချဲ့နိုင်ခြင်းတည်းဟူသော အစွမ်းသတ္တိကိုအမှီပြု၍ ကိုယ့်ကိုအထင်ကြီးကြခြင်းဖြစ်ပေရာ ကျွန်ုပ်တို့မြန်မာလူမျိုးမှာ ဤအရာတွင် ပြောပလောက်အောင် မဟုတ်ခဲ့ဖူးသော်လည်း 'ပါးရည် နပ်ရည်ရှိခြင်းတည်း' ဟူသော အရည်အချင်းနှင့် ပတ်သက်၍မူ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ခြင်းသာမဟုတ်။ မြန်မာကို နားလည်၍ စေတနာကောင်းနှင့်ကြည့်တတ်သော နိုင်ငံခြားသားများကလည်း အထင်ကြီးကြောင်း သိရပေသည်။

## တန်ခိုးကြီးလျှင် ဝါဒဖြန့်ချင်တတ်ခြင်း

ကိုယ့်ကိုယ်ကိုအထင်ကြီးခြင်းမှာ ပုထုဇဉ်တို့၏ သဘာဝဆို၍ ခွင့်လွှတ်ထိုက်သည် ထားဘိဦး။ ကိုယ့်ကိုယ်ကို လှည့်စားခြင်းမူကား ထိုကဲ့သို့ ခွင့်လွှတ်ရန်မလွယ်ကူချေ။ ဤအခြင်းအရာသည် မနုဿလူသားများ ယဉ်ကျေးစပြုလာသည့် အချိန်အခါမှစ၍ မနုဿလူသားကို ဒုက္ခပေးလာခဲ့ရာ ယနေ့တိုင်လည်း ဒုက္ခပေးဆဲပင် ရှိနေသေး၏။ မည်သည်ကို ဆိုလိုပါသနည်း။ ရှင်းပေဦးအံ့။ လူသားသည် တောတောင် သမုဒ္ဒရာနှင့် ဘာဘာညာညာများကို ကိုးကွယ်ခဲ့ကြရာမှ တဖြည်းဖြည်း တစ်ဆင့်တစ်ဆင့် ယဉ်ကျေးလာကြသည်တွင် ဘာသာအယူဝါဒများ ပေါ်ပေါက်လာကြ၏။ ၎င်းတို့အနက် အကြီးဆုံးမှာ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ မူဆလင်ဘာသာ တို့ဖြစ်သည်။ ၎င်းဘာသာဝင်များသည် ကိုယ့်ဟာနှင့်ကိုယ် ကိုးကွယ်ယုံကြည်နေကြပါက ဘာမျှဆိုဖွယ်ရာမရှိချေ။ ယခုသော် တစ်ခုသော ဘာသာကို ကိုးကွယ်သောလူတစ်မျိုး သို့မဟုတ် တိုင်းပြည်သားတစ်စု သို့မဟုတ် ဘုရင်တစ်ပါးသည် တန်ခိုးအာနိသင်ကြီးမားလာသောအခါ မိမိတို့ဘာသာအတွက် သာသနာပြုချင် (ဝါဒဖြန့်ချင်သော) စိတ်သဘော သက်ဝင်လာတတ်၏။ မှန်ကန်သောတရား၊ မြတ်သော ဘာသာတရားဖြစ်၍ မိမိတို့သိနားလည်သလို အခြားလူများ သိနားလည်စေချင်သည် ဆိုခြင်းသည် ကောင်းမြတ်သောစေတနာဖြစ်သည်ကား ငြင်းဖွယ်ရာမရှိပါပေ။ သို့သော် စစ်တပ်အင်အား တောင့်တင်းသောလူတစ်မျိုး

mgyoe.com

mgyoe.com

သို့မဟုတ် ဘုန်းတန်ခိုးအာနိသင်ကြီးမားသော ဘုရင်တစ်ပါးသည် သာသနာပြုချင်သော စိတ်ဆန္ဒ ပြင်းထန်လာသည့်အခါ သာယာညှင်းပျောင်း ပြောစေ၊ ဟောစေခြင်းအားဖြင့် အားမရဘဲ ဖြစ်လာ၏။ ထိုအခါတွင် ၎င်းနှင့် နီးကပ်စွာရှိနေသော မနုဿလူသားများ အကြီးအကျယ် ဒုက္ခရောက်ကြရခြင်းမှာ လူ့သမိုင်းတစ်လျှောက်လုံး အပြည့်ရှိနေတော့သည်။

## ဘာသာရေးနှိပ်စက်မှုများ

ခရစ်တော်ပေါ်ပြီး၍ ၎င်းကို ကိုးကွယ်ယုံကြည်သည့် ခရစ်ယာန်အမည်ခံ အချင်းချင်းပင်လျှင် ရှေးတစ်ခေတ်က ဥရောပတိုက်တွင် အကြီးအကျယ် ညှင်းပန်းနှိပ်စက်ကြ၏။ ခရစ်ယာန်တစ်ဂိုဏ်းဖြစ်သည့် ရိုမင်ကက်သလစ်တစ်ဦး နန်းတက်သည့်အခါ အခြားတစ်ဂိုဏ်းဖြစ်သည့် ပရိုတက်စ်တင့် တိုင်းသူပြည်သားများကို ညှင်းပန်းနှိပ်စက်ခြင်း၊ အသေသတ်ခြင်းဖြင့် သာသနာပြု၏။ ပရိုတက်စ်တင့် ဘုရင်တစ်ပါး နန်းတက်ပြန်လျှင်လည်း ဤနည်းတူစွာ ရိုမင်ကက်သလစ် တိုင်းသူပြည်သားများကို အကြမ်းနည်း သာသနာပြုပြန်၏။ ဥရောပတစ်တိုက်လုံး (အင်္ဂလန်မကျန်) ဤအတိုင်းပြုကျင့်ခဲ့ကြသည်။ အချို့မှာ မီးလောင်တိုက်သွင်းခြင်း၊ လက်ခြေများ အဆစ်ပြုတ်အောင် စက်နှင့်လှည့်ခြင်း စသည်ဖြင့် အတင်း သာသနာပြုကြ၏။ မူစလင်ဘာသာဝင်များ တန်ခိုးကြီးစဉ်ကလည်း "ကိုရန်တစ်ဖက်၊ ဓားတစ်ဖက်" ကိုင်ကာ တရကြမ်း သာသနာပြုကြ၏။ အိန္ဒိယပြည်တွင် ဟိန္ဒူဗြဟ္မဏများက ဗုဒ္ဓဘာသာမျိုးပြုအောင် အမျိုးမျိုးလုပ်ခဲ့ခြင်းများလည်း ရှိ၏။ ဗုဒ္ဓဘာသာကိုယ်တိုင်ပင်လျှင် (ဤကိစ္စမျိုးအတွက် 'ခြောက်ပြစ်ကင်း' ဆိုကြပါလျက်) ဒုဋ္ဌဂါမဏိမင်းနှင့် ကြေး ၁၆-ပြည်ထောင် သာသနာပြုခန်းဟူ၍ ရန့်မကင်း သတင်းကျန်ရစ်ပေသေးသည်။

## ကိုယ့်ကိုယ်ကို လှည့်စားခြင်း

မည်သည့်ဘာသာအတွက်ဖြစ်စေ သာသနာပြုသော ဒုဋ္ဌဂါမဏိမင်းနှင့်တကွ အခြားသော ဘုရင်များအား မေးလိုက်လျှင် ၎င်းတို့က ကိုယ်ကျိုးအတွက်လုပ်သည် မဟုတ်၊ မိစ္ဆာဒိဋ္ဌိများအား သနားခြင်းအတွက်ကြောင့် (ဇိကုတ်ပြီးနတ်ပြည်တင်ခြင်း) 'ချွတ်' ပေးခြင်းဖြစ်သည်ဟု ဆိုကြပေလိမ့်မည်။ အထက်တွင်ဖော်ပြခဲ့သည့် ကိုယ့်ကိုယ်ကို လှည့်စားခြင်းမှာ ဤအခြင်းအရာပင် ဆိုလို၏။ သတ္တဝါတစ်ဦးတစ်ယောက်အား သနားသည့်အတွက်ကြောင့် ခြေဆစ်လက်ဆစ်တွေ ဖျစ်ဖျစ်မြည်

mgyoe.com

mgyoe.com


သည့်တိုင်အောင် စက်ကြိုးဖြင့် လှည့်တင်းပေးရသည်ဆိုခြင်းကို မည်သည့် ဆိုက်ကို လိုဂျိသမားကမျှ လက်ခံလိမ့်မည် မဟုတ်ချေ။ သို့ဆိုလျှင် မည်သို့သောအကြောင်း ကြောင့်ပေနည်း။ လူသတ္တဝါသည် တန်ခိုးကြီးလာသောအခါ၌ မိမိနှင့် အထင်နှင့် အမြင် အယူအဆကွဲလွဲသူဟူသမျှကို 'အမြင်ကတ်' သောစိတ်ဓာတ် ဝင်လာတတ် ၏။ တန်ခိုးကြီးသောဘုရင်တစ်ပါး သို့မဟုတ် စစ်တပ်နှင့် လက်နက်အင်အား ကြီးမား တောင့်တင်းသော အစိုးရတစ်စုအဖို့မှာ 'အမြင်ကတ်' သည်ဆိုလျှင် ဖြိုဖျက်ပစ်ချင် အောင် သည်းမခံနိုင်သည်အထိ ပြင်းထန်လာတော့သည်။ အထင်အမြင် အယူအဆ ဟူသမျှတွင်လည်း ဘာသာအယူဝါဒသည် အရေးအကြီးဖြစ်၏။ ဤတွင် ထိုဘုရင် သို့မဟုတ် ထိုအစိုးရသည် မိမိနှင့်ကွဲလွဲသော ဘာသာဝါဒဟူသမျှကို ဖြိုဖျက်ချေမှုန်း ရန် စိတ်ဆန္ဒဖြစ်ပေါ်လာတော့သည်။ သို့သော် ဤကဲ့သို့ ရိုးရိုးသားသား ထုတ်ဖော် လိုက်သော် ကြားရသူအပေါင်း မခံမရပ်နိုင်အောင် ရှိတော့မည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိများကို 'ချွတ်' သည်ဟု 'ကင်ပွန်းတပ်' ရင်း ကိုယ့်ကိုယ်ကိုလှည့်စားပြီး သတ္တဝါများကို သနားသောကြောင့် အကြမ်းအားဖြင့် 'သာသနာပြု' ရလေဟန် နာမည်ကောင်းယူ ကြလေသည်။ ဤသို့ဖြင့် လူ့သမိုင်းတစ်လျှောက်လုံးတွင် ဘာသာအမျိုးမှ ရှင်ဘုရင် များ အစိုးရများ၏ သာသနာပြုခြင်းကြောင့် အိုးအိမ်စည်းစိမ် ပြုတ်ရသူ၊ အသက်သေ ဆုံးရသူများ၏ အရေအတွက်မှာ တစ်ပြည်ထောင် တည်လောက်ရုံမက များပြားခဲ့လှ ပေပြီ။

## ဘာသာချင်းမရှုတ်ချစတမ်း

လွန်လေပြီးသောခေတ်များတွင် ဘာသာရေးကြောင့် ဖြစ်ရသောစစ်များပင် ရှိခဲ့ဖူး၏။ ခရစ်တော်၏သင်္ချိုင်းကို ဆာရဆင်များ၏လက်မှ ပြန်ရအောင်ဆို၍ ဥရောပ တစ်တိုက်လုံးက ဝိုင်းတိုက်ခဲ့ခြင်းသည် ဤစစ်မျိုးပင်ဖြစ်၏။ နောက်ခေတ်များ၌မူ လူသားသည် ဘာသာရေးအတွက်ကြောင့် စစ်တိုက်ရမည်ဆိုပါက (ဘာသာကြီး အမျိုးမျိုး ဂိုဏ်းအမျိုးမျိုး ရှိနေခြင်းအတွက်ကြောင့်) လက်နက်ချရသည်ပင် မရှိဘဲ တစ်တိုက်တည်းတိုက်နေရဖို့သာရှိတော့သည်ဟု နားလည်လာကြလေသည်။ သာသ နာပြုရန်လည်း အကြမ်းအားဖြင့်လုပ်ခြင်းသည် နည်းလမ်းမမှန်ဟူ၍ သဘောပေါက် လာကြလေပြီ။ ဤမျှသာမကသေးဘဲ ဘာသာတစ်ခုက အခြားဘာသာများ အကြောင်းကို ရှုတ်ချရေးသားခြင်း ပြောဟောခြင်းသည်ပင်လျှင် "ရန်များ" သည်ဟု သိမြင်လာကြလေပြီ။ သို့ဖြစ်၍ ဘာသာရေးနှင့်ပတ်သက်၍ ဤခေတ်၌ လက်ခံ နားလည်နေကြသော စည်းကမ်းတစ်ခုမှာ မိမိတို့၏ဘာသာမှန်ကန်ကြောင်း၊ ကောင်း

mgyoe.com

မြတ်ကြောင်း၊ သဘာဝကျကြောင်း စသည်များကို အမွှန်းတင်ပြီး ပြောချင်တိုင်း ပြောဟောကြ၏။ ရေးချင်တိုင်း ရေးသားကြ၏။ သို့သော် အခြားသော ဘာသာများကို ထိပါးတိုက်ခိုက်သည့် အပြောအဟော၊ အရေးအသားမျိုးမှ ရှောင်ကြဉ်ကြစတမ်း ဟူ၍ ဖြစ်လေသည်။

## လက်ဝဲနှင့် လက်ယာ

ဒုတိယကမ္ဘာစစ်ကြီး ပြီးခဲ့သည့်နောက်တွင် ဘာသာပြိုင်ပွဲ စခန်းသိမ်းခဲ့ပြီးရာမှ နိုင်ငံရေးဝါဒပြိုင်ပွဲဟူ၍ ပေါ်ပေါက်လာခဲ့ပြန်သည်။ ၂၀–ရာစုနှစ် မတိုင်မီကတည်းက ဆိုဗီယက်ယူနီယံ အင်္ဂလန်နှင့်တကွ ဥရောပတိုင်းပြည်များတွင် ပွစိပွစိဖြစ်ခဲ့သော်လည်း ကမ္ဘာ့ပြဿနာကြီးအနေဖြင့် ပေါ်ပေါက်လာသည်မှာ စစ်ပြီးသည့် ဤဘက်တွင်မှဖြစ်၏။ နိုင်ငံရေးဝါဒမှာ အရင်းရှင်စီးပွားရေးစနစ်နှင့် ဆိုရှယ်လစ် (ကွန်မြူနစ်) နစ်အပေါ်တွင် အခြေတည်၍ ကွဲလွဲခြင်းဖြစ်သော်လည်း လက်ယာသမားနှင့် လက်ဝဲသမားဟူ၍လည်း ခေါ်တွင်သည်။ လက်ယာဂိုဏ်းမှာ သမားရိုးကျစနစ်ဖြစ်၍ လက်ဝဲဂိုဏ်းမှာ အသစ်ပေါ်လာသော စနစ်ဖြစ်လေသည်။ လက်ယာဂိုဏ်း၏ရှေ့ဆောင်မှာ အမေရိကန်အစိုးရဖြစ်၍ လက်ဝဲဂိုဏ်း၏ရှေ့ဆောင်မှာ ဆိုဗီယက်ယူနီယံပင် ဖြစ်လေသည်။

## မုန်းတီးကုန်ကြပြီ

ဘာသာရေး၌ အထက်ဖော်ပြပါ ဘာသာကြီးလေးရပ်အပြင် အခြားသော ဘာသာငယ်များ ရှိသေးသော်လည်း နိုင်ငံရေးဝါဒ၌မူ လက်ဝဲနှင့်လက်ယာဟူ၍ အကြီးအကဲနှစ်ခုသာ ရှိ၏။ သို့ရာတွင် နှစ်ခုအကြား၌ 'ရဲရဲနီ' မှစ၍ အရင့်အနုတိုင်အောင် အသွေးအရောင်အမျိုးမျိုး ရှိသည့်နည်းတူ လက်ယာဆန်သောဂိုဏ်း၊ လက်ဝဲဆန်သောဂိုဏ်း စသည်ဖြင့် အဆင့်ဆင့်ရှိကြလေသည်။ စစ်ကြီးဤဘက်၌ လက်ဝဲသမားများသည် ဝါဒအသစ်ဖြစ်သည့်အလျောက် ကြိုးကြိုးစားစား 'သာသနာပြု' ကြရာ အာရှအရှေ့တောင်ပိုင်း တိုင်းပြည်များတွင် ဒီရေသဖွယ် အဆိုင်းအတွမရှိ တရိပ်ရိပ်တက်လာခဲ့သည်။ ဤတွင် မိမိ၏စီးပွားရေးကို ထိခိုက်သည်ဟု ယူဆရာမှ ဂုဏ်သရေကိုပါ ထိခိုက်သည်ဟုယူဆသော လက်ယာဂိုဏ်းခေါင်းဆောင် အမေရိကန်အစိုးရသည် မခံမရပ်နိုင်ဖြစ်လာတော့သည်။ ဤအတောအတွင်း လက်ယာသမားနှင့် လက်ဝဲသမားများသည် ဝါဒသဘောတရားအရသာမကဘဲ ပုဂ္ဂိုလ်အနေဖြင့်လည်း တစ်ဘက်နှင့်တစ်ဘက် အမျိုးမျိုးသောနည်းဖြင့် ပုတ်ခတ်သရော် ကလော်

mgyoe.com


ဆဲရေးခဲ့ကြရာ ထိပ်သီးခေါင်းဆောင်အချင်းချင်း၊ တံတွေးတထွီထွီ ထွေးချင်သည်အထိ ရွံရှာမုန်းတီးလျက်ရှိခဲ့ကြလေပြီ။

## မှော်ဖတ်နှင့်အညီသာ ကျန်တတ်သည်

ရှေးခေတ်က ဘာသာရေးကွဲလွဲမှုများမှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း တန်ခိုးကြီးသောဘုရင်များ၏ အစွမ်းပြခြင်းသက်သက် (လွန်စွာအဆိုး နှောင်တမလွန်အရေး) မျှသာဖြစ်ရာ ဤခေတ်၏ကွဲလွဲချက်မှာ စီးပွားရေးလည်းပါသောကြောင့် သာ၍အရေးကြီး၏။ လူသတ္တဝါအဖို့၌ စီးပွားရေးသည် 'သက်နေ' နှင့်အနီးဆုံးဖြစ်၍ အနာကျည်းဆုံးဖြစ်၏။ ခေါင်းဆောင်များဖြစ်ကြသော အမေရိကန်နှင့် ဆိုဗီယက်ယူနီယံတို့သည် ကိုယ့်နည်းနှင့်ကိုယ် အစွမ်းကုန်ဝါဒဖြန့်ကြစဉ်အတွင်း (ကာကွယ်ရေးအတွက်ဆို၍) ဆိုးပေ့ဆိုသော လူသတ်လက်နက်အမျိုးမျိုးတို့ကိုလည်း တီထွင်လုပ်ကိုင်ကာ စုဆောင်းထားကြလေပြီ။ ၎င်းတို့လက်ဝယ်၌ရှိသော လက်နက်ဆိုးများသည် မည်မျှလောက် ကြောက်မက်ဖွယ် ကောင်းလေသနည်းဆိုသော် မတော်တဆ ကမ္ဘာစစ်ဖြစ်၍ သူပြုတ်ကိုယ်ပြုတ်ဆော်ကြလျှင် ဤကမ္ဘာမြေကြီးပေါ်တွင် ဇီဝိတရုပ်ဆို၍ 'မှော်ဖတ်နှင့် အညီ' လောက်သာ ကျန်တော့မည်ဟု လောကဓာတ်ပညာ ပါရဂူဆရာကြီး ဘာထရန်ရပ်ဆဲလ်က ဖော်ထုတ်သတိပေးရလေပြီ။

## ပေးကမ်းခြင်းဖြင့် ဝါဒဖြန့်ပါ

နောက်လိုက်များအပေါ်၌ ဆရာကြီးလုပ်ပြီး သြဇာပေးနေလိုခြင်းသည် လူ၏သဘာဝဖြစ်၍ အမေရိကန်နှင့် ဆိုဗီယက်တို့သည် နောက်လိုက်များအောင် စုဆောင်းလိုကြပေလိမ့်မည်။ တစ်ဖက်ကိုတစ်ဖက်က အပြုတ်တိုက်ရန်မှုကား မဖြစ်နိုင်တော့ခြင်းကို နှစ်ဖက်လုံးကပင် သိမြင်လောက်ကြပေပြီ။ သို့ဆိုလျှင် နောက်လိုက်များအောင် ဘယ်ကဲ့သို့ပြုကြပါမည်နည်း။ ပေးကမ်းခြင်းသည် အောင်မြင်ရာသည်ဟု ဗုဒ္ဓဟောတော်မူ၏။ သို့သော် ပေးကမ်းသည်ဆိုရာ၌လည်း 'ကြိုးတန်းလန်း' မပါဘဲ တကယ့်စေတနာနှင့် ထောက်ပံ့ကူညီခြင်းဖြစ်ရပေလိမ့်မည်။ သို့ဖြစ်ရကား လက်ဝဲခေါင်းဆောင်ဖြစ်သော ဆိုဗီယက်တို့နှင့် လက်ယာခေါင်းဆောင်ဖြစ်သော အမေရိကန်အစိုးရတို့သည် တစ်ဖက်သားအား ပုတ်ခတ်ဆဲရေးခြင်းဖြင့် ဖြုန်းတီးခဲ့သည့် (စာရွက်စာတမ်း စာအုပ်များအတွက်) ငွေများ၊ လူသတ်လက်နက်များ တီထွင်စုဆောင်းရေး၌ သုံးဖြုန်းသည့်ငွေများ၊ ကုန်းတပ်၊ ရေတပ်၊ လေတပ်များအတွက် ကုန်ကျရသည့်ငွေများ စသည်တို့ကို နောက်လိုက်လောင်းများဖြစ်၍ အလွန်တရာ မွဲတေလှ

mgyoe.com

ပါသော အာရှအရှေ့တောင်ပိုင်းသားများသို့ အပြိုင်အဆိုင် ဝေငှဖြန့်ဖြူးကာ စက်မှုပညာအရပ်ရပ် သင်ပြခြင်းဖြင့် ဝါဒဖြန့်ကြမည်ဆိုပါက နောက်လိုက်တွေမလိုချင်အဆုံး ပေါ်များကြပေလိမ့်မည်။ လူသတ္တဝါသည် 'ဗိုလ်ဖွဲ' ချင်သောသဘာဝရှိပေရာ ကမ္ဘာကို ပြာကျအောင်လုပ်သောနည်းသို့ လိုက်မည်လော၊ တိုက်ကိုယ်စီ၊ ကားကိုယ်စီနှင့် နေနိုင်သောလမ်းသို့ လိုက်မည်လောဟူသည်ကို ကမ္ဘာသူကမ္ဘာသားတို့၏ ကံဇာတာအလျောက် ဆုံးဖြတ်လိမ့်မည်သာ ဖြစ်ပါတော့သတည်း။

❑

mgyoe.com

# ရှုထောင့်မှန်မှ အမြင်မှန်နိုင်မည်

**ယနေ့ကမ္ဘာ့ပြဿနာကြီး**

ဘာသာစကားတစ်ခု၌ အဓိပ္ပာယ် (Idea) တစ်ခုကို တိုက်ရိုက်ဖော်ပြနိုင်သော စကားလုံးမရှိသည့်အခါ အခြားသောဘာသာမှစကားလုံးကို ယူသုံးရခြင်းသည် ထုံးစံဖြစ်၏။ ထို့ကြောင့် အင်္ဂလိပ်ဘာသာစကား၌ လက်တင်ဘာသာ စကားလုံးအမြောက်အမြား ပါရှိသည့်နည်းတူ ကျွန်ုပ်တို့ မြန်မာစကားတွင်လည်း ပါဠိဘာသာစကားလုံးများ ပူးတွဲပါရှိသည်ကို တွေ့ရပေသည်။ တစ်ခါတစ်ရံ စကားလုံးကို တိုက်ရိုက်မယူဘဲ အဓိပ္ပာယ်ကိုဘာသာပြန်၍ ယူသုံးရခြင်းများလည်း ရှိတတ်၏။ ထိုကဲ့သို့ ဘာသာပြန်၍ ယူသုံးရသောစကားလုံးများအနက်တွင် "ရှုထောင့်" ဟူသော စကားလုံးမှာ (မည်သူကစတင်၍ ဘာသာပြန်ခဲ့သည်မသိ) လွန်စွာအသုံးဝင်သော စကားလုံး ဖြစ်ချေသည်။ "ရှုထောင့်" ဟူသော စကားလုံးသည် အင်္ဂလိပ်ဘာသာ Angle of Vision သို့မဟုတ် Stand-point ဟူသောစကားလုံးမှ ပြန်ဆိုထားဟန်ရှိပေရာ မြန်မာဘာသာ၌ ၎င်းအဓိပ္ပာယ်နှင့် တူညီသောစကားလုံး မရှိနှင့်သည့်အတွက်ကြောင့် ချေးငှားပြန်ဆို၍ ယူသုံးခဲ့သောပုဂ္ဂိုလ်အား ကျွန်ုပ်ချီးကျူးလိုပေသည်။

**သူ့ "ရှုထောင့်" နှင့် သူ့အမြင်**

"ရှုထောင့်" ဟူသောစကားလုံး ပေါ်လာခြင်းအတွက်ကြောင့် အခြေအနေတစ်ခုခုကို အမျိုးမျိုးသော 'ရှုထောင့်' မှကြည့်နိုင်ခြင်းတည်းဟူသော 'စိတ်ကူး' (Idea) ပေါ်လာတော့သည်။ တစ်ခုတည်းသော အခြေအနေကို အမျိုးမျိုးသော 'ရှုထောင့်' မှကြည့်သည့်အခါ သူ့ 'ရှုထောင့်' နှင့်သူ အဓိပ္ပာယ်အမျိုးမျိုး ပေါ်ထွက်

mgyoe.com

mgyee.com


လာခြင်းကို ဆိုလိုသည်။ တစ်ခုသော 'ရှုထောင့်' မှကြည့်သော 'အမြင်' သည် အခြားသော 'ရှုထောင့်' မှကြည့်သော 'အမြင်' နှင့် မတူတတ်ခြင်းမှာ ဓမ္မတာသဘော တရားပင်ဖြစ်ရာ ဤအတွက်ကြောင့် 'အမြင်' တစ်ခုကို မှားသည်၊ မှန်သည်ဟု ဆုံးဖြတ်ချက် ချမည်ဆိုပါက သဘာဝကျလိမ့်မည် မဟုတ်ချေ။ ဤအခြင်းအရာကို ထင်ရှားစေခြင်းငှာ ဥဒါဟရဏ်ဆောင်၍ ဖော်ပြပါဦးအံ့။

"ရှုထောင့်" ကွဲလွဲပုံ

အင်္ဂလိပ်ပုံပြင်ဝတ္ထုတစ်ခု၌ တစ်ခြမ်းတွင် ရွှေချ၍ အခြားဘက်တစ်ခြမ်းတွင် ငွေချထားသည့်ရုပ်ထု (Statue) ကြီးတစ်ခုရှိရာ သူရဲကောင်းနှစ်ယောက်တို့သည် ရုပ်ထုကြီးကို တစ်ခြမ်းစီမျှသာ မြင်ခဲ့ကြရဖူးသည်နှင့် တစ်ယောက်က ရွှေရုပ်ကြီးဟူ၍လည်းကောင်း၊ အခြားတစ်ယောက်က ငွေရုပ်ကြီးဟူ၍လည်းကောင်း ငြင်းခုံကြရာမှ တစ်ယောက်နှင့်တစ်ယောက် သတ်ပုတ်ကြသောအခြေသို့ ရောက်သွားကြသည် ဆို၏။ နောက်ဆုံးတွင် မောဟိုက်လာကြ၍ နှစ်ယောက်သဘောတူ ရုပ်ထုကြီးကို သွားရောက်ကြည့်ရှုကြသည်တွင်မှ သူ့ 'ရှုထောင့်' နှင့်သူ မှန်ကန်ကြောင်း တွေ့ရ၍ လက်ဆွဲနှုတ်ဆက်ကြသည်ဟု ဆိုလေသည်။

ထပ်ဆင့်၍ ဖော်ပြခြင်း

ဒုတိယဥဒါဟရဏ်တစ်ခုမှာ သူငယ် ၂–ယောက်တို့သည် ပုစွန်ထုပ်ကို 'နီသည်' 'ပြာသည်' ဟု ငြင်းခုံကြရာမှ ထွေးလုံးသတ်ပုတ်ကြသည်တွင် အဘိုးဖြစ်သူသည် ခေါ်ပြီးစစ်ဆေးသည် ဆို၏။ သူငယ် ၂–ယောက်တို့သည် မိမိတို့ငြင်းခုံကြခြင်း၏ အကြောင်းရင်းကို အဘိုးကြီးအား ပြောပြသည့်အခါ အဘိုးဖြစ်သူသည် ဖြစ်စဉ်ကို နားလည်ခဲ့လေပြီ။ ဤတွင် အဘိုးဖြစ်သူက ပုစွန်ထုပ် 'နီသည်' ဟုပြောမိသော မြေးအား အနီရောင်ရှိသော ပုစွန်ထုပ်ကောင် အရှင်လတ်လတ်ကို ပြနိုင်ခဲ့လျှင် ငွေငါးကျပ်ပေးမည်ဟုပြော၍ ပြာသည်ပြောမိသော မြေးအားလည်း ထမင်းပွဲထဲတွင် အပြာရောင်ရှိသော ပုစွန်ထုပ်ကောင်ကို ပြနိုင်ခဲ့လျှင် ငွေငါးကျပ်ပေးမည်ဟု ပြောရဖူးသည် ဆို၏။ သူငယ်နှစ်ယောက်တို့ကား ထမင်းပွဲထဲက ပုစွန်ထုပ်ကိုသာ မြင်ဖူးသူက မြင်ဖူး၍ အရှင်လတ်လတ်ကိုသာ မြင်ဖူးသူက မြင်ဖူးခြင်းဖြစ်လေသည်။

စီးပွားရေး "ရှုထောင့်"

အထက်ပါ ဥဒါဟရဏ်များမှာ 'ရှုထောင့်' ရိုးရိုးမျှသာဖြစ်ပေရာ အကျိုးခံစား

mgyee.com

mgyoe.com


ခွင့်နှင့်ပတ်သက်သော 'ရှုထောင့်' မျိုးလည်း ရှိသေး၏။ အကျိုးခံစားခွင့်နှင့် ပတ်သက်သော 'ရှုထောင့်' မျိုး၌မူ သတ္တဝါဟူသမျှသည် မိမိ၌အကျိုးခံစားခွင့်ရှိမည့် 'ရှုထောင့်' မှသာ ကြည့်တတ်ခြင်းမှာ ဥဒါဟရုဏ်ဆောင်၍ ဖော်ပြပါဦးမည်။ ရွာတစ်ရွာအနီး၌ ချိုင့်ဝှမ်းသော ကွင်းပြင်ကြီးတစ်ခုရှိရာ ကွင်းပြင်ကြီးအဆုံး၌ ချောင်းကြီးတစ်ချောင်းလည်း ရှိ၏။ ၎င်းရွာတွင် တောင်သူလယ်သမားများလည်းရှိ၍ တံငါသည်များလည်းရှိ၏။ တောင်သူလယ်သမားများကမူ ကွင်းပြင်ကြီးအတိုင်းထား၍ ကောက်ပဲသီးနှံများ စိုက်ပျိုးချင်ကြ၏။ တံငါသည်များကမူကား ချောင်းထဲမှရေကို ကွင်းကြီးထဲသို့ဖောက်ချပြီး အင်းကြီးဖြစ်အောင်လုပ်ကာ တံငါလုပ်ချင်ကြ၏။ ဤကိစ္စကို ငြင်းခုံကြရာတွင် တောင်သူလယ်သမားများက ၎င်းရွာထဲတွင် တောင်သူအိမ်ထောင်ပေါင်း နှစ်ရာရှိ၍ တံငါသည်အိမ်ထောင်ပေါင်း တစ်ရာမျှသာရှိသောကြောင့် လူများစု၏အကျိုးကို ထောက်ထားကာ ကွင်းပြင်အတိုင်းထားပြီး လယ်ယာစိုက်ပျိုးခြင်း လုပ်ထိုက်သည်ဟု အကြောင်းပြပြောဆို၏။ တံငါသည်များကလည်း မိမိတို့အရေအတွက်သည် တောင်သူအရေအတွက်၏ ထက်ဝက်မျှသာရှိသည်မှန်သော်လည်း လယ်လုပ်၍ ငွေတစ်သောင်းရနိုင်လျှင် တံငါလုပ်ခြင်းဖြင့် ငွေနှစ်သောင်းရမည်ဖြစ်ကြောင်းထို့ကြောင့် တစ်ရွာလုံး၏အကျိုးကိုကြည့်ခြင်းအားဖြင့် ဝင်ငွေနှစ်ဆရနိုင်မည့် တံငါလုပ်ရန်အတွက် ရေဖောက်ပြီးအင်းကြီးလုပ်လိုက်မည်ဟု အကြောင်းပြပြောဆိုကြလေသည်။ ရွာသူရွာသား အနည်းအများကို ကြည့်ထိုက်သလော။ ရွာ၏ဝင်ငွေ အနည်းအများကို ကြည့်ထိုက်သလော။ ဆုံးဖြတ်ရန်ခက်ကောင်း ခက်ခဲပေမည်။ အကယ်၍ တံငါလုပ်ခြင်းအားဖြင့် ရရှိသောဝင်ငွေကို တစ်ရွာလုံးဝေငှသုံးစွဲမည်ဆိုပါလျှင် ဤပြဿနာမှာ အခက်အခဲရှိမည်မဟုတ်။ သို့သော် ထိုကဲ့သို့ ပြုလုပ်ရန်မှာ လူသတ္တဝါတို့သည် ဘယ်တော့မှ စိတ်ကူးထည့်မည် မဟုတ်သောကြောင့် အခက်အခဲတွေ့ရခြင်းဖြစ်ပေရာ လူ့လောက၌ ဖြစ်ပေါ်လျက်ရှိသော စီးပွားရေးပြဿနာ ဟူသမျှတို့မှာလည်း ဤအတိုင်းပင် ခပ်ဆင်ဆင်ဖြစ်၍ ဤနည်းနှင်နှင် အကျပ်အတည်း တွေ့ရခြင်းဖြစ်လေသည်။

## မျက်နှာလိုက်တတ်ခြင်း

ကိစ္စတစ်ခုကို ဆုံးဖြတ်ရန်လိုသည့်အခါ တရားမျှတခြင်း ရှိမရှိ၊ သဘာဝကျမကျ ဟူသည်ကို ဆင်ခြင်သုံးသပ်ခြင်း မပြုဘဲ ဤသို့ဆုံးဖြတ်ပါက မိမိ၌အကျိုးရှိလိမ့်မည်။ ထိုသို့ဆုံးဖြတ်ပါက မိမိ၌နစ်နာလိမ့်မည် စသည်ဖြင့် မြင်ရသော 'ရှုထောင့်' မှ ကြည့်ရှုဆုံးဖြတ်ကြသည့်အတွက်ကြောင့် လူတို့ပြုလုပ်လေသမျှသော စီမံကိန်းများ

mgyoe.com

mgyoe.com


မှာ ရည်ရွယ်ရာသို့မရောက်ဘဲ အလွဲလွဲအချော်ချော် ဖြစ်ကြရလေသည်။ ပမာဆိုသော် အမေရိကန်သမ္မတဟောင်း မစ္စတာဝီလဆင် တီထွင်ခဲ့သော 'လိဂ်ေါ့ဖ်နေရှင်း' (League of Nations) ခေါ် အဖွဲ့ကြီး၏ ရည်ရွယ်ချက်မှာ စင်စစ် မြင့်မြတ်ကောင်းမွန်လှ၏။ သို့ရာတွင် အီတလီက အဘီဆီနီးယားပြည်ကို စစ်တိုက်ရာတွင် အဖွဲ့ကြီး၏ စည်းမျဉ်းအတိုင်း အီတလီအပေါ်၌ တိကျစွာအရေးမယူဘဲ (နယ်ချဲ့သမားအချင်းချင်း မျက်နှာလိုက်ကာ) တော်အိရော်အိ လုပ်ခဲ့ကြခြင်းကြောင့် ပျက်ပြယ်ပြယ်ဖြစ်ပြီး ၎င်းအဖွဲ့ကြီး ပျက်စီးခြင်းတိုင်ခဲ့ရဖူးလေသည်။

## အစိုးရများ၏ရှုထောင့်

ယခုတစ်ဖန် ၎င်းအဖွဲ့ကြီးနေရာ၌ ကမ္ဘာ့ကုလသမဂ္ဂခေါ် (ယူအင်) အဖွဲ့ကြီး ပေါ်ပေါက်လာခဲ့ပြန်လေပြီ။ မည်ကဲ့သို့ ရှိလေသနည်း။ အီဂျစ်ပြည်ကိုတိုက်သော ပြဿနာတွင် အမေရိကန်အစိုးရသည် အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ လူတွင်ကျယ်လုပ်ခြင်းကို အမြင်ကတ်ဟန်ရှိ၍ မထောက်ခံသည့်အတွက်ကြောင့် မှန်ကန်သယောင်ယောင်ရှိသော ဆုံးဖြတ်ချက်ပေါ်ထွက်ခဲ့ဖူးခြင်းကား ဟုတ်ပါပေသည်။ သို့ရာတွင် ကုလသမဂ္ဂအဖွဲ့ကြီး၌ လူဦးရေသန်းပေါင်း ၆၀၀–ခန့်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအား တရုတ်လူမျိုးတို့၏ ကိုယ်စားလှယ်ဟူ၍ အသိအမှတ်မပြုကြဘဲ တရုတ်ပြည်လူများစုက မောင်းထုတ်လိုက်သဖြင့် ဖော်မိုဆာကျွန်းသို့ ဆင်းပြေးခဲ့ရသော ချန်ကေရှိတ်အစိုးရအား တရုတ်လူမျိုးတို့၏ ကိုယ်စားလှယ်အဖြစ်နှင့် အသိအမှတ်ပြုထားကြခြင်းမှာ လူသိနတ်ကြား မတရားသောအပြုအမူကြီး ဖြစ်၏။ (ဤကိစ္စ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက တရုတ်ပြည်မအစိုးရသည်သာလျှင် ကုလသမဂ္ဂ၌ တရုတ်လူမျိုးတို့၏ ကိုယ်စားလှယ်ဖြစ်ထိုက်သည်ဟု မဲဆန္ဒပေးသော်ရပါပေသည်။) ဤကိစ္စတွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအများစုသည် အဘယ်ကြောင့် အမေရိကန်အစိုးရ၏အလိုသို့လိုက်၍ မဲဆန္ဒပေးလျက်ရှိကြပါသနည်းဟူမူကား အမေရိကန်အစိုးရသည် တောင်အမေရိကတိုက်ရှိ 'ဗုစုခရု' အစိုးရကလေးများကို ကြိုးကိုင်ထားနိုင်သော သတ္တိရှိပေသောကြောင့်တည်း။ ဆိုလိုရင်းမှာ တောင်အမေရိကတိုက်၌ အမေရိကန်အစိုးရသည် မိမိမကြိုက်သည့် ဂွာတီမာလာကဲ့သို့သော အစိုးရမျိုးကို ဖြုတ်ချနိုင်ခဲ့သည်ဖြစ်ရာ အဆိုပါ 'ဗုစုခရု' တိုင်းပြည်အစိုးရကလေးများသည် မိမိတို့တည်မြဲရေးအတွက် အမေရိကန်အကြိုက်လိုက်ပြီး မဲဆန္ဒပေးကြရတော့သည် ဟူလို။ တရားမျှတခြင်း၊ မှန်ကန်ခြင်း၊ သဘာဝကျခြင်းတို့ကို မကြည့်နိုင်ဘဲ မိမိတို့ရာထူးတည်မြဲရေးအတွက်ကြည့်ကာ မဲဆန္ဒပေးကြသောအစိုးရများကြောင့် ကုလ

mgyoe.com

mgyoe.com


သမဂ္ဂအဖွဲ့ကြီးမှာလည်း ဩဇာကြီးသင့်သလောက် မကြီး၊ သတင်းမွှေးသင့်သလောက် မမွှေးဘဲရှိနေရာ နောက်ဆုံးတွင် ပျက်ပြယ်ပြယ်ဖြစ်ပြီး လိဂေါ့ဖ်နေရှင်း၏ သွားရာလမ်းသို့လိုက်ခဲ့လျှင် အံ့ဩဖွယ်ရာမဟုတ်ချေ။ ဤအခြင်းအရာမှာ ကမ္ဘာ့နိုင်ငံရေးထက် အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးသမားများ၏ 'ရှုထောင့်' ကိုထင်ရှားအောင် ပြောပြလိုခြင်းမျှသာ ဖြစ်ပေသည်။

ရှုထောင့်အရေးကြီးခြင်း

ကမ္ဘာတွင် အနက်နဲဆုံးဟူ၍ နာမည်ကြီးလျက်ရှိသော အဘိဓမ္မာဆရာကြီးများ (Philosopher) နှင့်ပတ်သက်သည့် 'ရှုထောင့်' လည်းရှိသေး၏။ အနောက်တိုင်း အဘိဓမ္မာဆရာကြီးများကို အကြမ်းအားဖြင့် ပိုင်းခြားလိုက်သော် ရုပ်ဝါဒသမားများ (Materialists) တစ်ခုတည်းသော 'ဝိညာဉ်တော်' သမားများ (Idealists) ဟူ၍ရှိကြပေရာ တစ်ခုနှင့်တစ်ခု ခပ်ဆင်ဆင်မျှသာတူ၍ လုံးဝတူသည်ဟု မဆိုနိုင်သဖြင့် တစ်ဂိုဏ်းစီမှည့်ခေါ်ထားသည့် အဘိဓမ္မာဂိုဏ်းများဆိုပါလျှင် သုံးလေးဆယ်မျှ ရှိကြမည်ဟု ဖတ်ရဖူးလေသည်။ ကျွန်ုပ်သည် ဗဟုသုတအလို့ငှာ ကားလ်မာ့က်စ် (Karl Marx) ရှိုပင်ဟောဝါး (Schopenhauer) ဟီဂဲလ် (Hegel)၊ ကင့်တ် (Kant) အစရှိသော အဘိဓမ္မာဆရာကြီးများ၏ စာအုပ်များကို 'မြဲ' စမ်းဖူးရာ ၎င်းဆရာကြီးအသီးသီးတို့သည် သူ့ 'ရှုထောင့်' နှင့်သူ့အမြင် ဖြူးဖြောင့်လျက်ရှိ၍ 'ရေပက်မဝင်' အောင် စေ့စပ်ညက်ညောကြသည်ကို တွေ့ရ၏။ ထိုဆရာကြီးများသည် စဉ်းစားဉာဏ်အရာ၌ ဗိုလ်စွဲသူများဖြစ်ကြသည့်အလျောက် သူ့ 'ရှုထောင့်' မှကြည့်မည်ဆိုလျှင် မည်သူကမျှ မှားသည်ဟု မဆိုနိုင်။ သူတို့ရေးသမျှ ဝန်ခံကြရမည်ကဲ့သို့ ရှိကြသည်ချည်း တွေ့ရ၏။ ထို့ကြောင့်လည်း တစ်ဂိုဏ်းတစ်ဖွဲ့ထောင်ကာ စဉ်းစားဉာဏ်အရာ၌ ဆရာကြီးလုပ်နိုင်ကြခြင်း ဖြစ်၏။ မည်သူက မည်သူ့ထက် မှန်ကန်သည်ဟု ကျွန်ုပ်ကိုယ်တိုင်လည်း မဆုံးဖြတ်နိုင်ချေ။ နောက်ဆုံး၌ ဗုဒ္ဓ၏အဘိဓမ္မာကို လက်ခံထားပြီးဖြစ်သော ကျွန်ုပ်မှာ ဝက်ံပါထဲသို့ဝင်လျှောက်သူကဲ့သို့ မျက်စိလည်ပြီး ဦးခေါင်းရှုပ်ချေတော့မည်ဆိုကာ သူတို့၏အဘိဓမ္မာအားလုံးကို လွှတ်ချခဲ့ရလေတော့သည်။ ဤသည်လည်း 'ရှုထောင့်' ၏အရေးကြီးပုံကို ထင်ရှားစေသော ဥဒါဟရဏ်တစ်ခုဖြစ်သည်ဟု ယုံကြည်သည်။

အရင်းရှင်နှင့်အလုပ်သမား

ကိစ္စအရပ်ရပ်၌ 'ရှုထောင့်' အမျိုးမျိုးရှိသည့်အနက် ယနေ့ကမ္ဘာ့အဖို့ရာ၌

mgyoe.com

အလွန်အရေးကြီးလျက်ရှိသော ပြဿနာမှာ အရင်းရှင်ကြီးများ၏ 'ရှုထောင့်' နှင့် အလုပ်သမားများ၏ 'ရှုထောင့်' တို့ ပဋိပက္ခဖြစ်နေကြခြင်းပင် ဖြစ်လေသည်။ ရှေးခေတ်ကမူ အရင်းရှင်ကြီးများသည် အလုပ်ရုံကြီးတစ်ခုတည်ထောင်၍ ဖြစ်မြောက်အောင် အလုပ်လုပ်နိုင်သည့်အခါ "ငါက လူဘယ်နှစ်ယောက် ထမင်းကျွေးနိုင်သည်" စသည်ဖြင့် ကြွားဝါပြောဆိုတတ်ကြ၏။ အဓိပ္ပာယ်မှာ အလုပ်သမား မည်၍မည်မျှ ငှားရမ်းပြီး အလုပ်ပေးထားနိုင်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ဤခေတ်တွင်မူကား အလုပ်သမားများက "ငါတို့ လုပ်ပေးသည့်အတွက်ကြောင့် သူကြီးပွားပြီး သူဌေးကြီးဖြစ်လာနိုင်သည်" ဟု ပြောစမှတ်ပြုလေသည်။ မည်သူက မှန်သည်ဟု ဆုံးဖြတ်ချက်ချပါမည်နည်း။ သို့ရာတွင် ဤအခြင်းအရာမှာ တင်ပြချက်သက်သက်မျှသာဖြစ်၍ အရေးမကြီးလှဟု ဆိုနိုင်သေးပေရာ ၎င်းထက် အရေးကြီးသော ပဋိပက္ခကြီးများလည်း ရှိပေသေးသည်။

### အရင်းရှင်၏ "ရှုထောင့်"

အရင်းရှင်စီးပွားရေးစနစ်ကျင့်သုံးသော တိုင်းပြည်ကြီးများ၌ အရင်းရှင်သူဌေးကြီးများက လူသတ္တဝါသည် လွတ်လပ်စွာစီးပွားရှာခွင့် ရှိထိုက်သည်။ အရင်းအနှီးရှိခဲ့လျှင် အလုပ်ရုံဘယ်နှစ်ရုံတည်ဆောက်၍ အလုပ်သမား ဘယ်နှစ်ယောက် ငှားရမ်းလုပ်ကိုင်သည်ဖြစ်စေ၊ ဘယ်သူကမျှ ဘာမှမပြောထိုက်၊ အလုပ်သမားများအပေါ်မှ ခေါင်းပုံဖြတ်ပြီး အမြတ်ထုတ်သည်ဟု မဆိုနိုင်၊ သူတို့လုပ်ခ သူတို့ပေးပြီး ပိုလျှံသော အမြတ်ကိုသာ မိမိယူခြင်းဖြစ်သည်။ မည်သည့်အလုပ်သမားကိုမျှ အတင်းအဓမ္မ အလုပ်ခိုင်းခြင်း မဟုတ်၊ လုပ်ခလိုချင်၍ ဝင်လုပ်ကြခြင်းဖြစ်သည်။ အလုပ်ကိုမကြိုက်လျှင် ချက်ချင်းထွက်သွားနိုင်သည်ဟု ဆိုကြ၏။ ငွေရင်းအမြောက်အမြားနှင့် ကုန်သည်တွေ သိမ်းကျုံးဝယ်ပြီး (ကျွန်ုပ်တို့မြန်မာပြည်မှာကဲ့သို့) သိုလှောင်ကာ ကြိုက်ဈေးရမှ ရောင်းချသော ကုန်လှောင်သမားကြီးများနှင့် ကုန်ထုတ်လုပ်အရင်းရှင်ကြီးတွေစုပေါင်းပြီး (အမေရိကန်ပြည် ရေနံကုမ္ပဏီကြီးများကဲ့သို့) ဈေးနှုန်းမြှင့်တင်ကာ အမြတ်များများကြီးယူကြသော ကုမ္ပဏီကြီးများကလည်း "ကိုယ့်ပစ္စည်းကို ကိုယ် ရောင်းချင်မှ ရောင်းပိုင်ခွင့်ရှိသင့်သည်။ ကိုယ့်ငွေနှင့် ကိုယ်လုပ်ချင်ရာ လုပ်နိုင်ခွင့်ရှိရမည်။ မည်သူ့အားမျှ အတင်းအဓမ္မအဝယ်မခိုင်း ဈေးနှုန်းကြီးမြင့်လွန်းသည်ထင်လျှင် ဝယ်မသုံးဘဲနေနိုင်ကြသည်။ ဝယ်သူမှာလည်း လွတ်လပ်ခြင်းရှိ၍ ရောင်းသူလည်း လွတ်လပ်ခြင်း ရှိသည်။ ဤစနစ်သည်သာလျှင် တရားမျှတဆုံးဖြစ်၍ 'နှောင်ကြိုးမဲ့ကမ္ဘာ' ဟုခေါ်သင့်သည်" စသည်များဖြင့် အကြောင်းပြ ပြောဆိုတတ်ကြလေ

mgyoe.com

mgyoe.com

သည်။ ဤသည်ကား အရင်းရှင်ကြီးများ၏ 'ရှုထောင့်' မှကြည့်သော အမြင်ပင်ဖြစ်လေသည်။

## အလုပ်သမား၏ရှုထောင့်

တစ်ဖန် အလုပ်သမားလောကမှ လူများကလည်း ကုန်ပစ္စည်းထွက်အောင် ချွေးတလုံးလုံး အလုပ်လုပ်ရသူများမှာ အလုပ်သမားများသာ ဖြစ်သည်။ ပင်ပန်းခံရသူများအဖို့မှာ မသေရုံ အနိုင်နိုင်စားရ၍ မြတ်စွန်းသမျှကို အလုပ်ရှင်ကချည်း သိမ်းယူသည်။ ဒီမိုကရေစီ အုပ်ချုပ်ရေးဆို၍ အလုပ်သမားများ မဲဆန္ဒပေးပိုင်ခွင့်ရှိသော်လည်း ပိုက်ဆံရှိသောလူများသာလျှင် လွှတ်တော်အမတ်ဖြစ်နိုင်၍ အစိုးရအဖွဲ့ဟူသည်မှာလည်း အရင်းရှင်ကြီးများကိုယ်တိုင်နှင့် အရင်းရှင်၏အကျိုးကိုကြည့်သော လူများသည်သာလျှင် ဖြစ်ကြသည်။ ထိုသို့သောလူများ အစိုးရဖြစ်နေကြသမျှ ကာလပတ်လုံး မိမိတို့၏တိုင်းပြည်တွင် ပိုက်ဆံကြွယ်ဝသောလူများ ကြွယ်ဝသည်ထက် ကြွယ်ဝဖို့သာ စီမံကြလိမ့်မည်။ အလုပ်သမား လူတန်းစားမှာ အရင်းရှင်ထံတွင် ဒူးထောက်၍ အလုပ်တောင်းပြီး မဝတဝစား၍ မလုံတလုံဝတ်ရသော အခြေအနေမှတက်ဖွယ်ရာ မရှိတော့။ ထို့ကြောင့် မိမိတို့လူတန်းစား၏အကျိုးကိုကြည့်၍ စီမံသောလူများကိုယ်တိုင် အစိုးရဖြစ်လာမှသာလျှင် မိမိတို့ချောင်ချိသက်သာခွင့် ရှိချေမည်ဟုဆိုကာ ထိုကဲ့သို့ဖြစ်အောင် ကြိုးစားကြလေသည်။ ဤသည်ကား အလုပ်သမားလူတန်းစား၏ 'ရှုထောင့်' မှကြည့်သော အမြင်ပေတည်း။

## ပဋိပက္ခဖြစ်ရခြင်း

အရင်းရှင်ကြီးများ၏ 'ရှုထောင့်' မှအမြင်နှင့် အလုပ်သမားလူတန်းစားတို့၏ 'ရှုထောင့်' မှအမြင်သည် ပဋိပက္ခဖြစ်လျက်ရှိသည့်အတိုင်း ကမ္ဘာပေါ်ရှိအတိုင်းတိုင်း အပြည်ပြည်တွင် အရင်းရှင်နှင့်အလုပ်သမားတို့ ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိ၏။ အလုပ်ရှင်ကြီးများထံမှ လုပ်ခပို၍တောင်းသော ကိစ္စများလည်း တိုင်းပြည်တိုင်းတွင်ရှိ၍ အရင်းရှင်ကြီးများကို ဖြုတ်ချပြီး ပြည်သူပိုင်ဖြစ်အောင် ကြိုးစားကြသော ကိစ္စများလည်း နေရာတကာတွင် အနှံ့အပြားရှိကြလေသည်။ အခက်အခဲကြီးတစ်ရပ်ဖြစ်နေသည်မှာ အထက်ပါအမြင်နှစ်ရပ်သည် သူ့ 'ရှုထောင့်' မှ သူမှန်သယောင်ရှိနေ၍ သူမှန်သည်၊ ငါမှန်သည်ဆိုကာ အကြီးအကျယ် ငြင်းခုံကြရခြင်းပင် ဖြစ်လေသည်။

mgyoe.com

## အုပ်စုကြီးများ၏ပဋိပက္ခ

အပြည်ပြည်အတွင်းရှိ ပဋိပက္ခမှုကို ဖော်ပြပြီးသည်နောက် ကမ္ဘာတွင် အုပ်စုကြီးနှစ်ခုဖြစ်လာ၍ တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်ပုံကိုလည်း ဖော်ပြရပေဦးမည်။ ပထမအုပ်စုမှာ အရင်းရှင်ကြီးများကြိုးကိုင်သည့် တိုင်းပြည်များ၏ အဖွဲ့အစည်းဖြစ်၍ ဒုတိယအုပ်စုမှာ အလုပ်သမားလူတန်းစားအတွက် ကိုယ်စားပြုသောလူများ ကြိုးကိုင်သည့် တိုင်းပြည်များ၏ အဖွဲ့အစည်းပင် ဖြစ်လေသည်။ တိုင်းပြည်အသီးသီး၌ အရင်းရှင်နှင့် အလုပ်သမားတို့ ပဋိပက္ခမှုသည် အကြင် တိုင်းပြည်ကိုသာလျှင် ဆူပူလှုပ်ရှားစေနိုင်သည်ဖြစ်ရာ အဆိုပါအုပ်စုကြီးနှစ်ခုတို့၏ ပဋိပက္ခမှုသည်ကား ကမ္ဘာကြီးတစ်ခုလုံးကို ဆူပူလှုပ်ရှားစေနိုင်လေသည်။ ဤကိစ္စတွင်လည်း သူ့ 'ရှုထောင့်' နှင့်သူ့အမြင် ရှိကြသည်သာ ဖြစ်လေသည်။

## အနောက်အုပ်စု၏ရှုထောင့်

အနောက်အုပ်စုခေါ် အရင်းရှင်တိုင်းပြည်အစိုးရများ၏ ရှုထောင့်မှအမြင်မှာ ကမ္ဘာ့အလုပ်သမားများသည် တစ်နေ့တခြား 'လူပါး၀' လာကြ၍ အခွင့်အရေးများ ပိုမိုတောင်းခံလျက် ရှိကြသည်။ အလုပ်သမားများအား ကိုယ်စားပြုသော ရုရှားအစိုးရကလည်း ကမ္ဘာ့အလုပ်သမားများအား 'မြှောက်ပေး' လျက်ရှိ၍ အလုပ်သမားများသည် ရုရှားအစိုးရမျိုးဖြစ်အောင် စည်းရုံးသူကစည်းရုံးလျက် ရှိကြသည်။ ဤအတိုင်းဆိုပါလျှင် မိမိတို့၌ပစ္စည်းဥစ္စာတိုးပွား၍ စည်းစိမ်ပွားများဖို့ မဆိုထားနှင့် လက်ရှိစည်းစိမ်သည်ပင် တည်မြဲဖို့ခဲယဉ်းသည်။ အလုပ်သမားများအား ကိုယ်စားပြုသည့် (ဆိုရှယ်လစ်စီးပွားရေးစနစ်ခေါ်) ရုရှားအစိုးရသည် မိမိတို့၏ရန်သူ နံပါတ် (၁) ဖြစ်သည်။ ဆိုရှယ်လစ်နိုင်ငံများကို တစ်ခုပြီးတစ်ခု (တရုတ်နှင့်ရုရှားအထိ) ဖြိုဖျက်ပစ်ပါမှ မိမိတို့၏စည်းစိမ်တည်မြဲနိုင်ခွင့် ရှိပေတော့မည်ဟု (သူတို့၏ရှုထောင့်မှ) မြင်ကြလေသည်။

## အရှေ့အုပ်စု၏ရှုထောင့်

အရှေ့အုပ်စုခေါ် ဆိုရှယ်လစ်နိုင်ငံအစိုးရများ၏ 'ရှုထောင့်' မှ အမြင်မှာလည်း ကမ္ဘာ့အရင်းရှင်ကြီးများသည် ကိုယ့်စည်းစိမ်နှင့်ကိုယ် အေးအေးဆေးဆေး စံစားမနေဘဲ မိမိတို့အပန်းတကြီး ထူထောင်ထားရသည့် ဆိုရှယ်လစ်စနစ်ကို ငွေကုန်ကြေးကျခံပြီး ဖျက်လိုဖျက်ဆီး ကြံစည်ကြသည်။ တရုတ်ပြည်အရေး၌ ချန်ကေရှိတ်ဘက်က မြှောက်ပေးပြီး ဟန်ဂေရီပြည်တွင်းရေး၌လည်း တိုင်းသူပြည်သားကို သူပုန်ထအောင်

mgyoe.com

mgyoe.com


မြှောက်ပေးကြသည်။ ယူဂိုဆလားဗီးယားပြည်မှ တီးတိုးကိုလည်း မိမိတို့နှင့် သွေးခွဲပြီး တစ်ဖက်တစ်လမ်းမှ မြှောက်ပေးနေသည်။ မိမိတို့၏စီးပွားရေးစနစ်ကို ဖြိုဖျက်ရန်အတွက်ဟု ပြောင်ပြောင်ကြီးဖွင့်ပြောပြီး တိုင်းပြည်ဘက်ဂျက်တွင် ဒေါ်လာသန်းပေါင်းများစွာ သတ်မှတ်ထားသည်။ မိမိတို့ကလိုက်လျောသမျှတွင် သူတို့က တင်းခံပြီး 'စစ်အေး' ဖြစ်အောင် ဖန်တီးကြသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲ တည်နေမှုကိုလည်း သူတို့က လှောင်ကြပြောင်ကြသည် စသည်များဖြင့် သူတို့၏ 'ရှုထောင့်' မှ မြင်ကြ၏။

## တပည့်မွေးကြခြင်း

ကမ္ဘာလောကကြီးသည် ဤသို့သော အခြေအနေ၌ရှိနေရာတွင် အနောက်အုပ်စုခေါင်းဆောင်ဖြစ်သော အမေရိကန်အစိုးရနှင့် အရှေ့အုပ်စုခေါင်းဆောင်ဖြစ်သော ရုရှားအစိုးရတို့သည် မိမိတို့၏စနစ်တည်မြဲရေးအတွက် အကြံဉာဏ်များထုတ်ကာ အစီအစဉ်များ ပြုလုပ်ကြလေတော့သည်။ နှစ်ဖက်လုံး၏အမြင်မှာ ငါတို့၏နောက်လိုက်တိုင်းပြည်များပါမှ ဩဇာကောင်း၍ တန်ခိုးကြီးပြီး ငါတို့၏စနစ်တည်မြဲနိုင်သည်ဆိုကာ သူ့နည်းနှင့်သူ ငွေကုန်ကြေးကျခံပြီး တပည့်မွေးကြလေတော့သည်။ ငွေကုန်ကြေးကျခံသည်ဆိုသော်လည်း ဒေါ်လာကြွယ်ဝသော အမေရိကန်သည် ရက်ရက်ရောရော အကုန်ခံ၍ ပက်ပက်စက်စက် ပေးကမ်းသောနည်းကို အသုံးပြုလေရာ ရုရှားကမူ စီးပွားရေးအကူအညီမျိုး ပေးခြင်းအားဖြင့် အထိုက်အလျောက် အကုန်အကျခံသော်လည်း သူ၏အားကိုးကြီးတစ်ခုမှာ ကမ္ဘာ့နှင်းပြားအဖြစ်၌ တည်ရှိသော အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားများအား 'နားပေါက်' အောင်ဝါဒဖြန့်သော နည်းပင် ဖြစ်သည်။ ဤနှစ်နည်းအနက်တွင် မည်သည်က ခရီးရောက်သည်ကို ကျွန်ုပ်မပြောလို၊ စာဖတ်သူတို့ကိုယ်တိုင် ဆုံးဖြတ်ရန်ချန်ထားခဲ့သည်။ သို့သော် သူ့နည်းနှင့်သူ အထိုက်အလျောက် ခရီးရောက်လျက် ရှိကြခြင်းမှာကား လူတိုင်းမြင်နိုင်သော အခြင်းအရာဖြစ်သည်။

## ကမ္ဘာကိုဒုက္ခပေးခြင်း

အုပ်စုခေါင်းဆောင်ကြီးနှစ်ခုတို့သည် ဤမျှလောက်သာ ခရီးသွားကြသည်ဆိုပါက ကမ္ဘာသူကမ္ဘာသားများက တစ်စုံတစ်ရာ 'ကြက်တွန့်တက်' စရာအကြောင်းရှိမည်မဟုတ်ပေ။ မိမိတို့ကြိုက်နှစ်သက်သော အကူအညီကို ယူသည်ဖြစ်စေ၊ နှစ်ဖက်လုံးမှရရှိနိုင်သည်ဆိုက (အိန္ဒိယပြည်အစိုးရလုပ်သကဲ့သို့) နှစ်ဖက်လုံးမှ ပေးသော

mgyoe.com

အကူအညီ အထောက်အပံ့ကို ယူသည်ဖြစ်စေ ပြုလုပ်ကြရုံသာ ရှိပေသည်။ သို့သော် နှစ်ဦးသော ကမ္ဘာ့ခေါင်းဆောင်အစိုးရကြီးများသည် တစ်ဖက်ကိုတစ်ဖက်က မယုံကြည်နိုင်၊ စိတ်မချနိုင် မိမိအားတိုက်ခိုက်လိမ့်မည် ထင်သည်ဆိုကာ လက်နက်ဆိုးကြီးများ သူ့ထက်ငါ စမ်းသပ်လုပ်ကိုင်လျက် ရှိကြပေရာ ဤအခြင်းအရာသည် သူတို့အချင်းချင်းအတွက်သာမက ကမ္ဘာသူကမ္ဘာသားကိုပါ ဒုက္ခအများဆုံးပေးသော အခြင်းအရာပေတည်း။

## ခေတ်အစိုးရများ၏ရှုထောင့်

ဤခေတ်တွင် အုပ်စုခေါင်းဆောင်များဖြစ်သော အမေရိကန်အစိုးရနှင့် ရုရှားအစိုးရတို့က လက်နက်ဆိုးကြီးများ အပြိုင်အဆိုင် လုပ်ကိုင်ကြရာတွင် ဗြိတိသျှအစိုးရကလည်း နျူကလီးယားလက်နက်မျိုးမရှိလျှင် မျက်နှာငယ်သည်။ ဒုတိယတန်းတိုင်းပြည်ဖြစ်သွားတော့မည်ဆိုကာ နျူကလီးယားလက်နက်မျိုး စမ်းသပ်ဖောက်ခွဲဖို့ တကဲကဲပြင်ဆင်လျက် ရှိ၏။ ဤမျှသာမကသေး အထက်ပါတိုင်းပြည်ကြီးများ၏ အပြုအမူကို တစ်ကမ္ဘာလုံးရှိ တိုင်းပြည်အစိုးရများက အားကျလာကြ၍ လက်နက်ခေတ်ကြီးဖြစ်လာပြီးလျှင် လက်နက်များများရှိမှ လုံခြုံသည်။ ပါဝါရှိသည်ဆိုကာ သူ့ထက်ငါ လက်နက်များဝယ်ယူကြလေတော့သည်။ ဤတွင် တစ်ကမ္ဘာလုံးရှိ တိုင်းပြည်နိုင်ငံအစိုးရများသည် တိုင်းသူပြည်သား ကြီးပွားချောင်ချိဖို့ထက် မိမိတို့အစိုးရဂုဏ်ရှိဖို့အရေးကို ဦးစားပေး၍စီမံကြသည်နှင့် တိုင်းပြည်မှကောက်ခံရရှိသော အခွန်တော်ငွေများအနက်မှ ရာခိုင်နှုန်း ၅၀–၇၀ မျှကို စစ်တပ်နှင့် လက်နက်များအတွက် သုံးဖြုန်းလျက်ရှိလေတော့သည်။ 'စားနေဝတ်' အဆင့်အတန်းမြင့်ဖို့အတွက် သုံးသင့်သောငွေကို လက်နက်စုဆောင်းရေးဘက်၌ ဖြုန်းတီးနေကြသော အစိုးရများလက်အောက်တွင် ကမ္ဘာသူကမ္ဘာသားသည် အဘယ်မှာ မဆင်းရဲ မကျပ်တည်းပဲ ရှိနိုင်ပါမည်နည်း။ ဤအခြင်းအရာမှာလည်း ကမ္ဘာ့အစိုးရ၏ 'ရှုထောင့်' မှကြည့်၍ လက်နက်အင်အား တောင့်တင်းပါမှ မိမိတို့ပါဝါရှိသည်ဟူသော အမြင်၏အကျိုးဘက် သဘောတရားပင် ဖြစ်လေသည်။

## တစ်ချက်တည်းနှင့် ပြာဖြစ်အောင်လုပ်မည်

ယနေ့ကမ္ဘာ့ အခြေအနေကို အကဲခတ်ရသော် အမေရိကန်အစိုးရနှင့်ရုရှားအစိုးရတို့၏လက်ဝယ်တွင် နျူကလီးယားလက်နက်ဆိုးကြီးများ လုံလောက်စွာရှိနေပုံရသည်။ ငါ့ကိုတိုက်လျှင် ငါကလည်းပြန်ကိုက်၍နှစ်ဖက်လုံးပျက်စီးနိုင်သည်ဆို

mgyoe.com
ခြင်းကို သိမြင်ကြပုံရသည်။ သို့နှင့်လည်း အစွမ်းထက်သည်ထက် ထက်မြက်သော လက်နက်ဆိုးမျိုးဖြစ်နိုင်အောင်ဆိုကာ ဆက်လက်စမ်းသပ်လုပ်ကိုင်လျက် ရှိကြသေးခြင်းမှာ စဉ်းစားစရာဖြစ်နေပြန်သည်။ ဖြစ်ဟန်လက္ခဏာရှိသည်မှာ ယခုအခြေအနေ၌ တစ်ဦးက စလိုက်လျှင် တစ်ဦးက ပြန်တိုက်၍ နှစ်ဦးလုံးပျက်စီးနိုင်ပေရာ ထိုကဲ့သို့ ပြန်မတိုက်နိုင်ဘဲ တစ်ခါတည်း ပြာဖြစ်သွားအောင် အစွမ်းထက်သောလက်နက်မျိုး သူ့၌ဖြစ်ပါက ငါခက်လိမ့်မည်။ ထို့ကြောင့် ငါကလည်း ဖြစ်အောင်လုပ်ထားမည်ဟူသော စိတ်ကူးမျိုးနှင့် ဆက်လက်စမ်းသပ်လုပ်ကိုင်ကြလေသလော မပြောတတ်ချေ။ 'ခိုးတတ်လျှင်၊ ရိုးတတ်သည်' ဟူသော မြန်မာစကားရှိပေရာ မိမိတို့ကိုယ်တိုင်က တစ်ဖက်သားကို ဖျက်ဆီးချေမှုန်းလိုသော မုန်းတီးစိတ်ဓာတ်ခံရှိသည်အတွက်ကြောင့် တစ်ဖက်သားကို မယုံနိုင်ဘဲ အဆိုးရွားဆုံးသော 'ရှုထောင့်' မှ ကြည့်ကြဟန်ရှိပေသည်။ တိုင်းပြည်ကြီးတစ်ပြည်ကို မိနစ်ပိုင်းအတွင်း ပြာဖြစ်စေနိုင်သော လက်နက်ဆိုးမျိုးသည် ဤကမ္ဘာတွင် လုပ်၍ဖြစ်နိုင်လေမည်လော မပြောတတ်ပေ။ ဤမျှလောက် ပြင်းထန်သောလက်နက်မျိုး ဖြစ်မြောက်၍ အသုံးပြုသည်ဆိုပါလျှင်လည်း တစ်ပြည်တည်းပျက်စီးရုံနှင့် နားမည်မထင်။ တစ်ကမ္ဘာလုံးပင် ပြုတ်ပြုတ်ပြန်းဖွယ်ရာ ရှိပေလိမ့်မည်။ သို့ဆိုလျှင်လည်း ညည်းတွားမနေချင်တော့။ ပွဲထဲက ဇာတ်သမားများပြောသကဲ့သို့ "စောစောသေလျှင် စောစောအိပ်ရသည်" ဟူ၍သာ ပြောလိုက်ချင်တော့သည်။

## သစ္စာနှစ်မျိုး

'ရှုထောင့်' အမျိုးမျိုးနှင့် အမြင်အမျိုးမျိုးရှိ၍ သူ့'ရှုထောင့်' နှင့် သူ့အမြင် ရှိနေခြင်းကို ဖော်ပြခဲ့ပြီဖြစ်ရာ ဗုဒ္ဓ၏တရားတော်၌ပင်လျှင် သူ့ 'ရှုထောင့်' နှင့် သူ့အမြင်ရှိခြင်းကို ဖော်ပြရပေဦးမည်။ ဗုဒ္ဓဟောတော်မူခဲ့သည့် တရားတော်၌ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာဟူ၍ နှစ်မျိုးရှိကြောင်း ပါရှိ၏။ သုတ္တန်နည်းအရဆိုသော် ရှိသေထိုက်သောသူရှိသည်၊ မိဘဆွေမျိုးရှိသည်၊ သူ၊ငါရှိသည်၊ သူ့အသက်ကို မသတ်ကောင်း စသည်ဖြင့် ဟောတော်မူသည်။ ဤသည်တို့ကား သမုတိသစ္စာနယ်ဖြစ်၍၊ သူ့'ရှုထောင့်' မှသူ မှန်ကန်သော သစ္စာတရားကြီးဖြစ်သည်။ တစ်ဖန် အဘိဓမ္မာနည်းအရဆိုသော် ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟူ၍မရှိ။ ခန္ဓာငါးပါးသာရှိသည်ဟု ဟောတော်မူသည်။ သူ့ခန္ဓာ၊ ငါ့ခန္ဓာဟူ၍ ပိုင်းခြားခြင်းမရှိချေ။ ဤသည်ကား ပရမတ္ထသစ္စာနယ်ဖြစ်၍ သူ့'ရှုထောင့်' မှသူ မှန်ကန်သော သစ္စာတရားကြီးပင်ဖြစ်သည်။ ပုထုဇဉ်တို့မှာ ပရမတ္ထသဘာဝကို မြင်နိုင်စွမ်းသည်မဟုတ်
mgyoe.com

သောကြောင့် သမုတိသစ္စာတည်းဟူသော 'ရှုထောင့်' အမြင်ဖြင့်သာလျှင် ကျင့်ကြံ ပြုမူကြရသည်။ ပရမတ္ထသစ္စာတည်းဟူသော 'ရှုထောင့်' အမြင်မှာ အရိယာတို့ အတွက်သာဖြစ်၏။ အချို့သူများသည် ပရမတ္ထသဘာဝကို အရိယာပုဂ္ဂိုလ်များ သိမြင်သကဲ့သို့ မမြင်ပါဘဲလျက် ပုဂ္ဂိုလ် သတ္တဝါမရှိဆိုသောစကားကိုယူ၍ သူမရှိ၊ ငါမရှိဆိုကာ သတ်ချင်ရာသတ်၊ လုပ်ချင်ရာလုပ်ကြသည်အထိ ပရမ်းပတာဖြစ်ကြ ခြင်းများကို ကြုံရဖူးလေသည်။ ပုဂ္ဂိုလ်သတ္တဝါမရှိသော 'ရှုထောင့်' မှအမြင်၊ ပုဂ္ဂိုလ် သတ္တဝါရှိသော 'ရှုထောင့်' မှအမြင်ဟူ၍ နှစ်ခုလုံး၏ မှန်ကန်ခြင်းကို နားလည်ပါမှ ယထာဘူတကျမည်ဖြစ်လေသည်။

## "ရှုထောင့်" စုံအောင် ကြည့်တတ်ခြင်း

အထက်ပါအကြောင်းအရာများကို ဖတ်ရှုရခြင်းအားဖြင့် သူ့'ရှုထောင့်' နှင့် သူ့အမြင် ဖြူးဖြောင့်လျက်ရှိကြောင်း ထင်ရှားလှပေပြီ။ 'အမြင်မှန်' ဟူသောအသုံး အနှုန်းသည် ယခုတလောတွင် ခေတ်စားလျက်ရှိသော်လည်း စင်စစ်အားဖြင့် 'ရှုထောင့်' ချင်းမတူလျှင် အမြင်ချင်းမတူနိုင်ချေ။ အမြင်မတူသည့်အတွက်ကြောင့် တစ်ဦးက တစ်ဦးအား အမြင်မှားသည်ဟုဆိုထိုက်သည်မထင်ပေ။ အရင်းရှင်သူဌေး ကြီးတစ်ယောက်အား အလုပ်သမားများ ချောင်ချိမည့် ဆိုရှယ်လစ်စနစ်ကို မကြိုက် နိုင်သည့်အတွက်ကြောင့် အမြင်မှားသည်ဟု အပြစ်ဆိုခဲ့လျှင် သဘာဝကျလိမ့်မည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် သူ၏'ရှုထောင့်'မှကြည့်သည့်အခါ သူ့အဖို့ စီးပွားတက်ရန် လမ်းပိတ်သွားတော့သည်ဟု မြင်လိမ့်မည်ဖြစ်သောကြောင့်တည်း။ လူ၏သဘာဝမှာ 'ရှုထောင့်'တစ်ခုယူ၍ ကြည့်လိုက်သည်ဆိုကတည်းက မိမိတို့ အဖို့ အကျိုးအများဆုံးရှိစေဖို့ သဘောပိုက်ပြီးသားဖြစ်တော့၏။ ကိုယ်ကျိုးအတွက် ကြည့်ခြင်းကိုလည်း အမြင်မှားသည်ဟု မဆိုသာပေ။ အရေးတကြီးလိုအပ်သည်မှာ ကိုယ့်'ရှုထောင့်'မှ ကိုယ့်အမြင်သာလျှင် အမှန်ဆုံးဖြစ်သည်ဟု သဘောမထားဘဲ အခြားသော'ရှုထောင့်' များလည်းရှိသေး၍ အမြင်အမျိုးမျိုးရှိခြင်းကို နားလည်သင့် ကြပေသည်။ လူ့သဘာဝနှင့် လောကအကြောင်းကို နားလည်သောသူသည် မိမိ၏ 'ရှုထောင့်' မှသာမကြည့်မူ၍ အခြားသော'ရှုထောင့်' များမှ အမြင်များကိုလည်း မြင်အောင်ကြည့်ခြင်းအားဖြင့် ကိုယ်ချင်းစာတရားကပ်သော လူတစ်ယောက် ဖြစ်လာ နိုင်ပေသည်။ ကိုယ်ချင်းစာတရားကပ်သောလူသည် ကြွယ်ဝသောလူ၊ ဂုဏ်ရှိသော လူ၊ ပါဝါကြီးသောလူ၊ ရာထူးကြီးသောလူ စသည်တို့ထက် မြင့်မြတ်သည်ဟု ကျွန်ုပ် ဆိုချင်သည်။

mgyoe.com